မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၁၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၂၄)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး * စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး * ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း

နေပြည်တော် မေ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂၈/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အဆိုပါ အမိန့်အမှတ် (၂၈/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၂၈/၂၀၁၁

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၁၁ ခုနှစ်၊ မေလ ၁၆ ရက်)

လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ်သို့ ပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခဲနက်ထောက်ခံခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ ဤသို့ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရသည် တည်ဆဲဥပဒေများကို ကျူးလွန်ဖောက်ဖျက်သူများအား တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များ ချမှတ်ခဲ့ရပါသည်။ သို့ရာတွင် ပြစ်ဒဏ်ကျ အကျဉ်းသားများအား နိုင်ငံတော်သစ် တည်ဆောက်ရာတွင် တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန်လည်း စီမံဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ အကျဉ်းသားများအား လူသားချင်းစာနာထောက်ထားသောအားဖြင့်လည်းကောင်း၊ ယင်းတို့၏ မိသားစုများအား ငဲ့ညှာသောအားဖြင့်လည်းကောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄(ခ)အရ နိုင်ငံတော်သမ္မတသည် ၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ (ခရစ်နှစ် ၂၀၁၁ ခုနှစ်၊ မေလ ၁၇ ရက်)မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းကဲ့သို့ ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည် -

(က) သေဒဏ်ချမှတ်စေခြင်းခံရသူများအတွက် ထောင်ဒဏ်တစ်သက်သို့လည်းကောင်း၊

(ခ) ထောင်ဒဏ်ကျခံနေရသူများသည် ယင်းတို့အပေါ်သတ်မှတ်ထားသော ထောင်ဒဏ်ကို သာမန်ရရှိပြီးသော လျှော့ပေါ့ရက်များအပြင် (၁)နှစ် (တစ်နှစ်)ထပ်မံ လျှော့ပေါ့ရရှိစေရန်လည်းကောင်း။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၏ မြစ်ငယ်မြစ်ဖြတ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

မြန်မာ-တရုတ် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း
၂၀၁၃ ခုနှစ်အတွင်း ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်

နေပြည်တော် မေ ၁၆

မြန်မာနိုင်ငံ၌ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် မြစ်ငယ်မြစ်ဖြတ်ပိုက်လိုင်းတံတားတည်ဆောက်ရေးလုပ်ငန်းကို CNPC, South East Asia Pipeline Company က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျွဲနဖားကျေးရွာအနီးတွင် ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားတည်ဆောက်ရေး လုပ်ငန်းတစ်ခုလုံး၏ ၆၄ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ကြည့်ရှုစစ်ဆေး

နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းကြီး အချိန်မီပြီးစီးရေးအတွက် စွမ်းအင်ဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် မေ ၁၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စက်မှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်ကြူနှင့်အတူ စီမံကိန်းနေရာသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှု၊ ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

CNPC Vice President Mr. Cui Xin Hua က ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မြစ်ငယ်မြစ်ဖြတ်ပိုက်လိုင်းအပိုင်း တည်ဆောက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းတစ်ခုလုံး ၂၀၁၃ ခုနှစ်အတွင်း အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ စီမံကိန်းပြီးစီးပါက မိမိတို့ ဝန်ထမ်းများ ပိုက်လိုင်းတည်ဆောက်မှုနှင့်ပတ်သက်သည့် နည်းပညာများ တိုးတက်ရရှိအောင် ဆောင်ရွက်ပေးရန်၊ လုပ်ငန်းသုံးပစ္စည်းများကို အရည်အသွေးတူပါက ပြည်တွင်းထုတ်ပစ္စည်းများကိုသာ သုံးစွဲရန်၊ စီမံကိန်းအတွက် အလုပ်လုပ်နိုင်မည့် အနည်းဆုံးမြေကိုသာ အသုံးပြုရန်နှင့် စီမံကိန်းတည်ဆောက်ရေးလုပ်ငန်း လုပ်ကိုင်စဉ် ယာယီအသုံးပြုရသော မြေများကို တည်ဆောက်ရေးလုပ်ငန်းများ ပြီးပါက မူလအခြေအနေအတိုင်း စိုက်ပျိုးလုပ်ကိုင်နိုင်အောင် ဆောင်ရွက်ပေးရန်တို့ကို ဆွေးနွေးမှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

မြေနေရာ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်-မြန်မာ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ သယ်ယူပို့ဆောင်ရေးနှင့် ထိန်းသိမ်းရေးစခန်းတည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၅ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(မန္တလေး)၌ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးမှုနှင့် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၁၇ ရက်)

ကဆုန်ညောင်ရေသွန်းပွဲတော် ရိုးရာမပျက်ဆင်နွှဲ

၁၃၇၃ ခုနှစ်(ယနေ့)သည် ကဆုန်လပြည့်နေ့ဖြစ်သည်။ မြန်မာတို့သည် ကဆုန်လပြည့်နေ့ကို နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကြသည်။

ကဆုန်လကို မြန်မာစာ၊ မြန်မာမှု၊ မြန်မာ့ယဉ်ကျေးမှုအရ ပြိဿရာသီဟုခေါ်သည်။ ပွင့်သောရာသီပန်းသည် စံကားပန်းဖြစ်၍ ရာသီပွဲတော်သည် ကဆုန်ညောင်ရေသွန်းပွဲတော်ဖြစ်သည်။

ဒီပင်္ကရာမြတ်စွာဘုရားက သုမေဓာရှင်ရသေ့အား ဗျာဒိတ်ပေးခဲ့သောနေ့သည် ကဆုန်လပြည့်နေ့ဖြစ်သည်။ မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် သီရိမဟာမာယာဒေဝီ၏ ဝမ်းကြာတိုက်မှ ဘုရားအလောင်းတော်ကို မီးရှူးသန့်စင်ဖွားမြင်သောနေ့၊ ယင်းနေ့၌ပင် ဖွားဖက်တော်များဖြစ်သော ကာဠုဒါယီအမတ်၊ ယသော်ဓရာ၊ အာနန္ဒာမင်းသား၊ ဆန္နအမတ်၊ ကဏ္ဍကစီးတော်မြင်း၊ ရွှေအိုးကြီးလေးလုံး၊ မဟာဗောဓိပင်တို့လည်း တစ်နေ့တည်းတစ်ချိန်တည်း မွေးဖွားပေါ်ပေါက်ခဲ့သည်။

သိဒ္ဓတ္ထမင်းသားဘုရားလောင်းသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သစ္စာလေးပါးကို သိမြင်၍ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့၌ ဝါတော် ၄၅ ဝါ၊ သက်တော် ၈၀ တွင် မြတ်ဘုရားသည် နယ်မလ္လတိုင်း ကုသိနာရုံရှိ အင်ကြင်းတောရိပ်ဝယ် ပရိနိဗ္ဗာန်စံပယ်တော်မူခဲ့သည်။

မြတ်ဘုရားသည် ဗောဓိ(ညောင်)ပင်တွင် တည်မှီ၍ ပွင့်တော်မူခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ မြန်မာတို့သည် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကို ကျင်းပကြခြင်းဖြစ်သည်။ ညောင်ရေသွန်းပွဲတော်ကို ရှေးမူမပျက် ဘာသာဓလေ့ ထုံးတမ်းအစဉ်အလာနှင့်အညီ ဆောင်ရွက်လာခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်သူတော်စင်များသည် နေ့ထူးနေ့မြတ်ဖြစ်သည့် ကဆုန်လပြည့်နေ့တွင် ဘုရား၊ ပုထိုး၊ စေတီများ၌ ညောင်ရေသွန်းခြင်းကို လူမှုရေးအသင်းအဖွဲ့များအလိုက်လည်းကောင်း၊ မိသားစုအလိုက်လည်းကောင်း၊ တစ်ဦးတစ်ယောက်ချင်းအလိုက်လည်းကောင်း ပြုလုပ်ကြပြီး အလှူဒါနကုသိုလ်ကောင်းမှုများ ပွားများကြသည်။

မြန်မာတို့သည် ယဉ်ကျေးမှုအမွေအနှစ်၊ ဘာသာယဉ်ကျေးမှုများကို ထိန်းသိမ်းလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ရာ ချစ်စရာကောင်းသော မြန်မာတို့၏ရိုးရာဓလေ့ ယဉ်ကျေးမှုတစ်ရပ်ကို ရိုးရာမပျက် ဆင်နွှဲလျက်ရှိသည့် ကဆုန်ညောင်ရေသွန်းပွဲတော်က ဖော်ညွှန်းလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့ဆေးရုံနှင့် အထက်တန်းကျောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် မေ ၁၅ ရက် နံနက် ၇ နာရီက ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ သွားကုဌာနနှင့် ဆေးရုံတက်ရောက်နေသော လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး (အပေါ်ပုံ) လူနာများအား စားသောက်ဖွယ်ရာများပေးအပ်သည်။ ထို့နောက် အလှူရှင်များလှူဒါန်းသည့် ဆေးရုံသုံးဂါလန် ၁၆၀၀ဆံ့ ရေစင်ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဆိပ်ကြီးခနောင်တိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ဂါလန် ၁၆၀၀ ဆံ့ ရေစင်တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လပွတ္တာ၌ ဆောင်ရွက်

လပွတ္တာ မေ ၁၆

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့သစ်တွင် မေ ၆ ရက် နံနက် ၈ နာရီက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်လှိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာ၊ ကြက်ခြေနီ၊ အရန်မီးသတ်နှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ အိမ်ထောင်စုအားလုံးရှိ မိုးရေလှောင်ကန်၊ ရေစည်၊ ရေအိုးများအားလုံးတွင် အဘိတ်ပိုးလောက်လမ်း နှိမ်နင်းဆေးများခတ်ခြင်း ဆောင်ရွက်ခဲ့ကြသည်။ (အပေါ်ယာပုံ)

ရှင်းလင်းပြောကြား

ထိုသို့ ဆောင်ရွက်ကြစဉ် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက် ပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ကြက်ခြေနီ ရှေးဦးသူနာပြုသင်တန်း ဖြူးမြို့နယ် အမြန်လမ်းမကြီး ၁၁၅ မိုင်၌ ဖွင့်လှစ်

ဖြူး မေ ၁၆

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဂျီအီးဆောက်လုပ်ရေးရုံးခန်းမ၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဦးဆောင်၍ ဖြူးမြို့နယ်ကြက်ခြေနီအသင်းနှင့် ပူးပေါင်းလျက် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ရှေးဦးသူနာပြုသင်တန်းဖွင့်ပွဲကို မေ ၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဖွင့်လှစ်

သင်တန်းတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဒေါက်တာအောင်ကျော်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ဖြူးမြို့နယ် ၁၁၅ မိုင် ယာဉ်ရပ်နားစခန်းရှိ ဝန်ထမ်းသင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြသည်။ သင်တန်းမှာ မေ ၈ ရက်မှ ၁၂ ရက်အထိဖြစ်ပြီး အမြန်လမ်း၌ ယာဉ်ထိခိုက်ဒဏ်ရာရရှိသူများအား ရှေးဦးသူနာပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အဆိုပါသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရှိရသည်။ (၁၁၃)

စုပေါင်းဆောင်ရွက်

သီပေါမြို့တွင် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့လယ်ရပ်ကွက် မိုင်းပွန်လမ်းနှင့် ညြဘာလမ်းထိပ်ရှိ ရေမြောင်းအတွင်းနုန်းများ၊ အမှိုက်သရိုက်များ ဆယ်ယူခြင်းကို မေ ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှမသုံးရ

ကဆုန်မိုး ၁၆-၅-၂၀၁၁

ကျိုင်းတုံမြို့	၁ ဒသမ ၃၈ လက်မ
ရွှေကျင်မြို့	၁ ဒသမ ၂၆ လက်မ

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နေပြည်တော် ဟိုတယ်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation (CPI) မှ Vice President , Mdm. Zhang Xiaolu နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၆

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation (CPI) မှ Vice President Mdm.Zhang Xiaolu နှင့် အဖွဲ့သည် မေ ၁၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မေခ၊ မလိခနှင့် ဧရာဝတီမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ စီမံကိန်းပြီးစီးပါက ဒေသတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ မဟာဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးခင်ရွှေတို့က ဟိုတယ်ဇုန်အသင်းနှင့် ဟိုတယ်လုပ်ငန်းများတွင် ကျွမ်းကျင်ဝန်ထမ်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် ဆွေးနွေးပြောကြားကြသည်။

ဆွေးနွေး

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဟိုတယ်လုပ်ငန်းရှင်များကိုယ်စား နေပြည်တော် ဟိုတယ်ဇုန်အသင်းဥက္ကဋ္ဌ ဦးသာဌေးက လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးတင်ပြပြီး နေပြည်တော် ဟိုတယ်ဇုန်အသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖွဲ့စည်းခြင်းကို ဖတ်ကြားတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် နေပြည်တော် ဟိုတယ်ဇုန်တွင် ဖွင့်လှစ်မည့် သင်တန်းပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း အထွေထွေမန်နေဂျာ ဦးအောင်ဇော်ဝင်းကလည်းကောင်း၊ ဟိုတယ်လိုင်စင်ထုတ်ပေးရေးနှင့် ဟိုတယ်အဆင့်အတန်း သတ်မှတ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးဝင်းကလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးတက္ကသိုလ် မကွေး (၁၀)နှစ်ပြည့် ကျင်းပမည်

ရန်ကုန် မေ ၁၆

ဆေးတက္ကသိုလ် မကွေး၏ (၁၀)နှစ်ပြည့် တွေ့ဆုံပွဲအခမ်းအနားကို မေ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဆေးတက္ကသိုလ် မကွေး ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူအသစ်များ၊ အဟောင်းများနှင့် ဘွဲ့ရဆရာဝန်များ၊ ဘွဲ့လွန်ဆရာဝန်များအားလုံး တက်ရောက်ကြရန်နှင့် ရန်ကုန်မှ လိုက်ပါမည့်သူများသည် ဗဟိုအမျိုးသမီးဆေးရုံ၊ မဟာမြိုင်ဆေးခန်းရှေ့မှတ်တိုင်၊ ပါရမီဆေးရုံ (ချော်တွင်းကုန်းမီးပွိုင့်)နှင့် ရွှေလမင်းဆေးရုံ (မြောက်ဥက္ကလာပ) တွင် စုရပ်များ ထားရှိမည်ဖြစ်သည်။ လိုက်ပါလိုသူများသည် ဒေါက်တာကျော်လင်းထွန်း ဖုန်း-၀၉-၈၅ ၇၅၉၉၇၊ ဒေါက်တာသက်အောင်စိုး ဖုန်း-၀၉-၅၀၆၃၀၁၅ တို့ထံ ဆက်သွယ်၍ စာရင်းပေးထားသော စုရပ်များတွင်သာ လိုက်ပါကြပါရန်ဖြစ်ပြီး ရန်ကုန်မှ မေ ၂၁ ရက် (စနေနေ့) ည ၉ နာရီတွင် ဗဟိုအမျိုးသမီးဆေးရုံရှေ့စုရပ်မှ ကားများစတင်ထွက်မည်ဖြစ်သည်။

ဆက်သွယ်

မန္တလေးမှ လိုက်ပါမည့်သူများသည် ဦးကျော်ဆန်း၊ ဆေးတက္ကသိုလ် (မကွေး) လက်ထောက်မော်ကွန်းထိန်း ဖုန်း-၀၉-၄၃၀၄၂၄၁၂နှင့် ဆက်သွယ်ကြရမည်ဖြစ်ပြီး မေ ၂၁ ရက် (စနေနေ့) ည ၉ နာရီတွင် မန္တလေး ဆေးတက္ကသိုလ်ရှေ့မှ ကားစတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ (၁၃၅)

အရာထမ်းငယ် အခြေခံသင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၁၆

အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၄၉)ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အုန်းတောခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၄၈ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင်နှင့် အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်းတို့ မေ ၁၁ ရက်က ဒေးဒရဲမြို့နယ် မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ရွှေမောင်နှံကုမ္ပဏီရုံးခန်း ဗဟန်းမြို့နယ်၌ဖွင့်

ရန်ကုန် မေ ၁၆

ရွှေမောင်နှံကုမ္ပဏီလီမိတက်ရုံးခန်းဖွင့်ပွဲကို မေ ၁၄ ရက် နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင် ၅/အနောက်ရပ်ကွက် လမ်းမတ်တာဝါ တိုက်(A) လေးလွှာ အခန်း(၄၀၁)၌ ကျင်းပရာ မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦးနှင့် ရွှေမောင်နှံကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါ်ခင်သိန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ယင်းနောက် ရွှေမောင်နှံကုမ္ပဏီလီမိတက်မှ ဒေါ်ခင်သိန်းဝင်းက ကုမ္ပဏီ၏ ဝန်ဆောင်မှုလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆောင်ရွက်ပေး

ရွှေမောင်နှံကုမ္ပဏီလီမိတက်သည် စီးပွားရေးလုပ်ငန်းများဖြစ်သည့် ကုမ္ပဏီလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်း၊ ကြော်ငြာနှင့် ဈေးကွက်ဖြန့်ချိရေးလုပ်ငန်းများ၊ အိမ်ခြံမြေလုပ်ငန်း၊ ဥပဒေရေးရာအကြံပေးခြင်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ (ဥပုသ်နေ့) ၁၇-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့၊ကိုင်းကုန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိက ဟောကြားတော်မူအပ်သော **ကဆုန်လပြည့်ဗုဒ္ဓနေ့**တရားတော်
- ၈:၀၀ ၅။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၈:၁၀ ၆။ ဓမ္မပူဇာတေးအစီအစဉ်
- ၈:၄၀ ၇။ **ကုသိုလ်ပန်းဝေ သွန်းညောင်ရေ**
- ၈:၅၀ ၈။ International News
- ၈:၅၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၁၅ ၁။ **AFC President's Cup (2011) ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် ရတနာပုံ (MYA) အသင်းနှင့် FC lstiklol(TJK) အသင်း**
- ၅:၁၅ ၂။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၂၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၃၀ ၄။ ဓမ္မပူဇာတေးအစီအစဉ်
- ၅:၄၀ ၅။ ကဆုန်လပြည့်နေ့တေးများ
- ၅:၅၀ ၆။ **ကဆုန်လပြည့်ဗုဒ္ဓနေ့ ပါဝင်နွဲပျော်ညောင်ရေသွန်းပွဲတော်**
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၃၅ ၁၀။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၃၂)
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ ရယ်စရာဟာသများ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၂၉)
- ၁၇။ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ **ကဆုန်လပြည့်ဗုဒ္ဓနေ့** တရားတော် (သံဝေဇနိယ လေးဌာန)(ဖွား၊ ပွင့်၊ ဟော၊ စံ)
- ၁၈။ မင်းကွန်းဆရာတော်ကြီး၏ အရုပ်ဆယ်မျက်နှာမေတ္တာဘာဝနာ ပွားများခြင်းတရားတော်

နိုင်ငံတကာသတင်းများ

တရုတ်လူနေအဆောက်အအုံတစ်ခုအတွင်း ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

ဒါလင် မေ ၁၆

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် အရှေ့မြောက်ပိုင်းတွင်ရှိသည့် လူနေအဆောက်အအုံတစ်ခုအတွင်း မေ ၁၆ ရက် နံနက်ပိုင်းက ဓာတ်ငွေ့ပေါက်ကွဲပြီး မီးလောင်မှုတစ်ရပ်ဖြစ်ပွားခဲ့သည်။ ထိုဓာတ်ငွေ့ပေါက်ကွဲမီးလောင်မှုကြောင့် နှစ်ဦးသေဆုံးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူ ၁၂ ဦးရှိကြောင်း တရုတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပျက်စီးခဲ့

ဖြစ်ပွားမှုမှာ ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည့် ဒါလင်မြို့ရှိ လူနေအထပ်မြင့် အဆောက်အအုံတွင် နံနက် ၆ နာရီ ၅၈ မိနစ်၌ အဆိုပါ ဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၄င်းအဆောက်အအုံ ခြောက်လွှာစလုံးရှိ ပြတင်းမှန်များ အစိတ်စိတ်ကွဲခဲ့ပြီး သုံးထပ်ရှိဝရန်တာတစ်ခုလည်း ပျက်စီးခဲ့သည်။ **(ယာပုံ)**

ရဲတပ်ဖွဲ့ဝင်များက ထိုအဆောက်အအုံတွင် နေထိုင်သူများအား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးထားပြီး ပေါက်ကွဲမီးလောင်မှုနှင့် ပတ်သက်၍ စုံစမ်းမှုများ ပြုလုပ်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာ့အကောင်းဆုံး မုတ်ဆိတ်ကျင်စွယ်ပြိုင်ပွဲ ဂျာမန်လူမျိုးအနိုင်ရဗိုလ်စွဲ

တာရွန်ဟမ်း မေ ၁၆

နော်ဝေနိုင်ငံ တာရွန်ဟမ်းမြို့တွင် ကမ္ဘာ့အကောင်းဆုံး မုတ်ဆိတ်ကျင်စွယ်ပြိုင်ပွဲကျင်းပခဲ့ရာ ဂျာမန်လူမျိုး အာမာဝစ်ဆာ**(အောက်ပုံ)**က အကောင်းဆုံးမုတ်ဆိတ်ကျင်စွယ်ပိုင်ရှင်အဖြစ် တံခွန်စိုက်ဆုကို မေ ၁၆ ရက်က ရရှိသွားခဲ့သည်။

ဗိုလ်စွဲခဲ့

အာမာဝစ်ဆာသည် သူ၏မုတ်ဆိတ်တွင် ဦးချိုပါသမင်တစ်ကောင်ပုံကို ဒီဇိုင်းပြုလုပ်ပြီး ပြိုင်ပွဲဝင်ခဲ့ရာ အဆင့်မြင့်ပြိုင်ပွဲဝင် ၁၆၀ အား ဖြတ်ကျော်အနိုင်ရ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ အာမာဝစ်ဆာ၏ ထိုမုတ်ဆိတ်ပုံစံကို သူ၏အစ်မဖြစ်သူကပါ ဝိုင်းဝန်းကူညီပုံသွင်းပေးခဲ့ခြင်းဖြစ်သည်။

ရရှိခဲ့ဖူး

အာမာသည် ၂၀၀၅ ခုနှစ်ပြိုင်ပွဲ၌လည်း ဘာလင်ရှိ ဘာရန်ဒန်ဘတ်ချ်ဂိတ်တံခါးဝမုတ်ဆိတ်ပုံစံဖြင့် တစ်ကြိမ်၊ ၂၀၀၇ ခုနှစ်တွင် လန်ဒန်တံတားကြီးပုံမုတ်ဆိတ်ဒီဇိုင်းဖြင့် တစ်ကြိမ် ဆုများရရှိခဲ့ဖူးသူဖြစ်သည်။

ပြောကြားခဲ့

ကမ္ဘာ့အကောင်းဆုံးမုတ်ဆိတ်ကျင်စွယ်ပြိုင်ပွဲကို ၁၉၉၅ ခုနှစ်မှစတင်ကာ နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ပွဲစီစဉ်သူများက ယင်းပြိုင်ပွဲသည် နိုင်ငံတကာပြိုင်ပွဲများတွင် ပထမတန်းစားပြိုင်ပွဲအမျိုးအစားတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။ **(အင်တာနက်)**

နေတိုးလောင်စာဆီတင်ယာဉ် ၁၉ စီး တိုက်ခိုက်ခံရမှုကြောင့် မီးလောင်ပျက်စီး

အစ္စလမ္မာဘတ် မေ ၁၆

အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့အတွက် လောင်စာဆီများ သယ်ဆောင်လာသော မော်တော်ယာဉ်များကို မေ ၁၄ ရက်က ပါကစ္စတန်နိုင်ငံနယ်စပ် လန်ဒီကိုတယ်အရပ်ရှိ ကားရပ်နားရာစခန်းတွင် အကြမ်းဖက်သမားများက တိုက်ခိုက်ခဲ့သဖြင့် လောင်စာဆီတင်ယာဉ် ၁၉ စီး မီးလောင်ပျက်စီးခဲ့ကြောင်း ပါကစ္စတန်အရာရှိများက မေ ၁၅ ရက်၌ ပြောကြားသည်။ **(ဓါပုံ)**

ဖြစ်ပွားမှုမှာ ယင်းကားရပ်နားရာစခန်းရှိ လောင်စာဆီတင်ယာဉ်တစ်စီးကို ဗုံးခွဲတိုက်ခိုက်ခဲ့ရာမှ အနီးရှိ အခြားလောင်စာဆီတင်ယာဉ်များသို့ ကူးစက်မီးလောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါကားရပ်နားရာစခန်းရှိ ဈေးဆိုင်များလည်း မီးကူးစက်လောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ သို့သော် သေဆုံးဒဏ်ရာရသူ မရှိကြောင်း ၄င်းတို့က ဆက်လက် ပြောကြားသည်။ ယင်းနေ့၌ပင် အာဖဂန်နစ္စတန်နိုင်ငံ လက်မင်းပြည်နယ်ရှိ ဂျာလာလာဘက်-ကဘူးလ်အဝေးပြေးကားလမ်းမပေါ်တွင် နေတိုးတပ်ဖွဲ့၏ လောင်စာဆီတင်ယာဉ်နှစ်စီး တိုက်ခိုက်ခံရမှုကြောင့် မီးလောင်ပျက်စီးခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

တရုတ်တောင်ပိုင်း၌ မိုးသည်းထန်နိုင်ပြီး မြောက်ပိုင်း၌ သဲမုန်တိုင်း ကျရောက်နိုင်ဟု သတိပေး

ပေကျင်း မေ ၁၆

တရုတ်နိုင်ငံ တောင်ပိုင်းတွင် လာမည့် ၁၀ ရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း၊ မြောက်ပိုင်းဒေသများတွင် သဲမုန်တိုင်းများ တိုက်ခတ်နိုင်ကြောင်း တရုတ် မိုးလေဝသဌာနက မေ ၁၆ ရက်၌ သတင်းထုတ်ပြန်သည်။

ခံစားရနိုင်

တရုတ်တောင်ပိုင်း ဒေသများတွင် ပြီးခဲ့သည့်နှစ်များကထက် မိုးသည်းထန်စွာ ရွာသွန်းမှု ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ပိုမိုနိုင်ကြောင်း၊ တောင်ပိုင်းဒေသအများအပြားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုများကို ကြုံတွေ့ ခံစားရနိုင်ကြောင်း ၄င်းသတင်း၌ ဖော်ပြထားသည်။

တိုက်ခတ်နိုင်

တရုတ်မြောက်ပိုင်းဒေသများဖြစ်သော ဂန်ဆုပြည်နယ် အနောက်ပိုင်း၊ အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အနောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင်လည်း ရာသီဥတုဖောက်ပြန်ကာ သဲမုန်တိုင်းများ တိုက်ခတ်နိုင်ကြောင်း အဆိုပါသတင်း၌ ဆက်လက်ဖော်ပြထားသည်။ (အင်တာနက်)

အင်ဒဲဗားအာကာသယာဉ် အောင်မြင်စွာလွှတ်တင်

ဝါရှင်တန် မေ ၁၆

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ အင်ဒဲဗားအာကာသလွန်းပြန်ယာဉ်ကို မေ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၅၆ မိနစ်က အောင်မြင်စွာလွှတ်တင်လိုက်ကြောင်း နာဆာက သတင်းထုတ်ပြန်သည်။ (အပေါ်ပုံ)

အင်ဒဲဗားအာကာသယာဉ်အား ကနေဒီအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ လွှတ်တင်ပြီး ၈ မိနစ် စက္ကန့် ၃၀ အကြာတွင် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ရောက်ရှိသွားသည်။

နောက်ဆုံးလွှတ်တင်မှု

ယင်းအာကာသယာဉ် အင်ဒဲဗားသည် နာဆာ၏ နှစ်ပေါင်း ၂၀ ကြာ အာကာသယာဉ်လွှတ်တင်မှု၏ (၂၅)ကြိမ်မြောက်ဖြစ်သလို နောက်ဆုံးလွှတ်တင်မှုလည်းဖြစ်သည်။

ယခု အင်ဒဲဗားအာကာသယာဉ်ခရီးစဉ်သည် ၁၆ ရက် ကြာမြင့်မည်ဖြစ်ပြီး နိုင်ငံတကာအာကာသယာဉ်စခန်း၌ အာကာသယာဉ်မှူးများ အာကာသအတွင်း လေးကြိမ်လမ်းလျှောက်ရန်လည်း စီစဉ်ထားသည်။ နိုင်ငံတကာအာကာသယာဉ်စခန်း၌ လိုအပ်သော ပြုပြင်တပ်ဆင်မှုများလည်း ပြုလုပ်သွားမည်ဖြစ်သည်။ *(အင်တာနက်)*

❒ မိုးမြင့်လင်းလက် - စုစည်းသည် ❒

မက္ကဆီကို၌ ပစ်ခတ်မှု ကိုးဦးသေဆုံး

မက္ကဆီကိုစီးတီး မေ ၁၆

မက္ကဆီကိုနိုင်ငံ တောင်ပိုင်း အိုဇာကာပြည်နယ်တွင် မေ ၁၅ရက်က ဒေသခံတစ်စုအား သေနတ်သမားများက တိုက်ခိုက်သဖြင့် အနည်းဆုံး ကိုးဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်ပွားခဲ့

အခင်းဖြစ်သည့်နေရာမှာ အိုဇာကာပြည်နယ်မြို့တော်မှ ခြောက်နာရီခန့်ကြာအောင်သွားရသည့် ဆန်တီယာဂိုချီပန်မြို့အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြောကြား

ယခုအထိ ကိုးဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိသွားသည် ဟူသောသတင်းသာရရှိသေးကြောင်း ပြည်နယ်ပြည်သူ့လုံခြုံရေးရုံးက ပြောကြားသည်။

ကွဲလွဲမှုရှိ

*ယင်းသို့ ဖြစ်ရခြင်းမှာ လူမျိုးစုများအတွင်း မြူနီစီပါယ်ရွေးကောက်ပွဲနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုများရှိခြင်းကြောင့် ဖြစ်သည်ဟုဆို၏။ **(အင်တာနက်)***

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ၌ တောမီးလောင်ကျွမ်း

မော်စကို မေ ၁၆

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသတွင် မေ ၁၅ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ သစ်တောမြေဟက်တာ ၁၅၀၀ ခန့် မီးလောင်ကျွမ်းခံခဲ့ရကြောင်း ရုရှားနိုင်ငံအရေးပေါ်ကယ်ဆယ်ရေးဌာနက မေ ၁၆ ရက်၌ သတင်းထုတ်ပြန်သည်။

လောင်ကျွမ်း

ဆိုက်ဘေးရီးယားဒေသတွင် သဘာဝသစ်တောနယ်မြေ ၁၀၆ ခု တရားဝင်သတ်မှတ်ပေးထားရာ ယခုမီးလောင်ကျွမ်းမှုကြောင့် သဘာဝသစ်တောနယ်မြေ ၅၂ ခု ပျက်စီးခဲ့ရသည်။

ငြိမ်းသတ်

တောမီးလောင်ကျွမ်းမှုကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၂၃၀၀ ကျော်တို့ပူးတွဲကာ မီးသတ်ယာဉ်များ၊ မီးငြိမ်းသတ်ရေးအထောက်အကူပြုပစ္စည်းများဖြင့် မီးငြိမ်းသတ်ခဲ့ကြသည်။

ဖော်ပြ

ရုရှားနိုင်ငံ တစ်ဝန်းတွင် မကြာသေးသော ကာလများအတွင်း တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧရိယာ ၁၅၂၄၆ ဟက်တာ မီးဘေးသင့်ခဲ့ကြောင်း ရုရှားနိုင်ငံ ကယ်ဆယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော သတင်း၌ဖော်ပြသည်။

(အင်တာနက်)

17-5 (04).pmd 1 5/17/2011, 2:22 AM

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) ဖွင့်ပွဲ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ ကျင်းပ

နေပြည်တော် မေ ၁၆

ပဲခူးတိုင်းဒေသကြီးဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၁၁)ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက် နံနက် ၈ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့တော်ခန်းမ ဆေးတိုက်စုရပ်၊ ဟသ်ာကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ဆေးတိုက်စုရပ်နှင့် ကျွန်းသာယာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ဆေးတိုက်စုရပ်များ၌ ကလေးငယ်များအား အမျိုးသားကာကွယ်ဆေးတိုက်ကျွေးမှုများကို ကြည့်ရှုအားပေးခဲ့သည်။

တာဝန်ပေးအပ်

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နံနက် ၁၀ နာရီတွင် ပဲခူးမြို့တော်ခန်းမ၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူးများအား ခရိုင်အလိုက် ၂၀၁၁-၂၀၁၂ စီမံကိန်းရည်မှန်းချက် တာဝန်များကိုလည်းကောင်း၊ လယ်ယာကဏ္ဍ စီမံကိန်းရည်မှန်းချက်၊ စက်မှုလက်မှုကဏ္ဍ စီမံကိန်း ရည်မှန်းချက်၊ ဝန်ဆောင်မှုကဏ္ဍ စီမံကိန်းရည်မှန်းချက်များကို ကဏ္ဍကြီးအလိုက် တာဝန်ရှိသူများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ဆေးတိုက်ကျွေး

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ကလေးငယ် တစ်ဦးအား ကာကွယ်ဆေးတိုက်ကျွေးစဉ်။

(သတင်းစဉ်)

မကွေးခရိုင်၌ စီမံကိန်းတာဝန်ပေးအပ်

မကွေး မေ ၁၆

မကွေးခရိုင် ၂၀၁၁-၂၀၁၂ခုနှစ် နှစ်စဉ်စီမံကိန်း တာဝန်ပေးအပ်ပွဲကို မေ ၄ ရက် နံနက် ၉ နာရီခွဲက မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းအေးလွင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများအား စီမံကိန်းတာဝန်များ ပေးအပ်သည်။ **(အောက်ပုံ)**

ရှင်းလင်းတင်ပြ

ယင်းနောက် မကွေးခရိုင် စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအောင်က ၂၀၁၁-၂၀၁၂ခုနှစ် နှစ်စဉ်စီမံကိန်းတာဝန်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

စမ်းချောင်းမြို့နယ် ရှင်စောပုရပ် သုခမိန်လမ်း အမှတ် ၁၉ နေ ဦးစိန်ဝင်း-ဒေါ်ကြည်ကြည်ဝင်းနှင့် သားသမီး၊ မြေးတစ်စုက သီရိပျံချီ ဒေါက်တာဦးထွန်းမင်း- ဒေါ်တင့်တို့အား အမှူးထား၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူးဦးထွန်းအေး လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ဟိုပင်မြို့နယ် ကုန်သည်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းကို မေ ၅ရက်က အငယ်တန်းအင်ဂျင်နီယာ(၃) ဦးကျော်ဇင်နိုင်မြင့်နှင့်အဖွဲ့ ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်အနောက်ပိုင်းခရိုင်ယာဉ်လိုင်း ကားဂိတ်များ၌ တန်ဖိုးငယ်ငွေစက္ကူများ လဲလှယ်ပေးနေ

ရန်ကုန် မေ ၁၆

မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ရန်ကုန်အနောက်ပိုင်းခရိုင်စီမံမှု အောက်တွင် ဌာနခွဲပေါင်းခုနစ်ခုရှိပြီး ယာဉ်လိုင်းပေါင်း(၆၀)၊ယာဉ်စီးရေ ၁၂၆၀ ရှိကာ

နေ့စဉ်ပျမ်းမျှ စီးရေ ၉၅၀ ခန့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည်။ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၊ ခရီးသည်များနှင့် ပြေပြစ်စွာ ဆက်ဆံရန်၊ ယာဉ်စီးခ ပိုမတောင်းရန်၊ ပိုသော ယာဉ်စီးခ အကြွေပြန်အမ်းပေးရန် သက်ဆိုင်ရာ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များက နေ့စဉ်စစ်ဆေးလျက်ရှိသည်။

ယာဉ်စီးခများ ပြန်အမ်းရာတွင် အခက်အခဲမရှိစေရန် ငွေကျပ် (၅၀)တန်၊ ငွေကျပ်(၁၀၀)တန်၊ ငွေကျပ်(၂၀၀)တန် တန်ဖိုးငယ်ငွေစက္ကူအသစ်များကို ကားဂိတ်မှတ်တိုင်များ၌ တိုက်ရိုက်ထိတွေ့ လဲလှယ်ပေးခြင်း၊ ဝန်ထမ်း၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ယာဉ်လုပ်သားများနှင့် ခရီးသည်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပြီး ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်လျက် ရှိကြောင်းနှင့် အနောက်ပိုင်းခရိုင် ယာဉ်လိုင်းအနေဖြင့် ဗဟိုဘဏ်မှ အပတ်စဉ် တန်ဖိုးငယ် ငွေစက္ကူကျပ် (၃၇)သိန်းရရှိပြီး အောက်ခြေအထိ ကွင်းဆင်းကာ ယာဉ်နောက်လိုက်များနှင့် ခရီးသည်များထံသို့ တိုက်ရိုက်လဲလှယ်ပေးလျက်ရှိကြောင်း **(အပေါ်ပုံ)**၊ အလားတူ အခြားယာဉ်လိုင်းများကိုလည်း ငွေစက္ကူများ လဲလှယ်ပေးလျက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဇော်ဦးခိုင် ရေးသားသည်

စက္ကူတင်ပို့မှု ဗီယက်နမ်နိုင်ငံ ထိပ်ဆုံးသို့ရောက်ရှိလာ

ဟန္တိုင်း မေ ၁၆

ယခုနှစ် ပထမလေးလအတွင်း ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၀၈သန်းဖိုးရှိသည့် စက္ကူတန်ချိန် ၄၂၀၀၀ကို ပြည်ပသို့ တင်ပို့နိုင်ခဲ့သည်။ စက္ကူတင်ပို့မှုအများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ပမာဏကို ကျော်လွန်ခဲ့သဖြင့် ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး စက္ကူတင်ပို့သည့်နိုင်ငံ ဖြစ်လာခဲ့ပြီဟု ဗီယက်နမ်စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနက မေ ၁၆ ရက်တွင် ပြောကြားသည်။

မျှော်မှန်းထား

ဗီယက်နမ်နိုင်ငံ စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ၂၀၁၁ ခုနှစ် တစ်နှစ်ပတ်လုံး စက္ကူတန်ချိန် ၁၂၀၀၀၀တင်ပို့ကာ စက္ကူပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၄၇၀အထိ ရရှိရန်မျှော်မှန်းထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆော်ဒီအာရေဗျ ကောင်စစ်ဝန် ကရာချိမြို့၌ ပစ်ခတ်ခံရ

ကရာချိ မေ ၁၆

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် မေ ၁၆ ရက်က ဆော်ဒီအာရေဗျကောင်စစ်ဝန်ရုံးပိုင်ကားတစ်စီးကို မော်တော်ဆိုင်ကယ်စီး လက်နက်ကိုင်တစ်စုက တိုက်ခိုက်ရာ ဆော်ဒီကောင်စစ်ဝန် သေဆုံးသွားကြောင်း ရဲဝန်ထမ်းများနှင့်ဆော်ဒီသံရုံး တာဝန်ရှိသူများက ပြောကြားသည်။

ပြောကြား

ဆိုင်ကယ်နှစ်စီးကို နှစ်ယောက်စီ စီးလာကြသည့် လက်နက်ကိုင်လေးယောက်သည် ဆော်ဒီကောင်စစ်ဝန်၏ကားကို တစ်ဖက် တစ်စီးညှပ်၍ ပစ်ခတ်သွားခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ပစ်သတ်ခံရ

ပစ်ခတ်ခံရသည့် ဆော်ဒီကောင်စစ်ဝန်သည် သူ၏အိမ်မှရုံးသို့ ကိုယ်တိုင် ကားမောင်းလာစဉ် ယခုကဲ့သို့ ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း ၎င်းရဲအရာရှိကပင် ဆက်လက်ပြောကြားသည်။ အမ်အင်န်အေ၊ရိုက်တာ

ခရီးသည်တင်လေယာဉ်တစ်စင်း ချန်ဂီလေဆိပ်မှပျံတက်စဉ် အင်ဂျင်မီးလောင် အရေးပေါ် ပြန်လည်ဆင်းသက်ခဲ့ရ

စင်ကာပူ မေ ၁၆

စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်တွင် ကာသေးပစီဖိတ် လေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်း အင်ဒိုနီးရှားနိုင်ငံသို့ ဦးတည်ပျံသန်းရန် မေ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီ ၁၂ မိနစ်တွင် ပျံတက်စဉ် အင်ဂျင်တစ်လုံးမှာ မီးလောင်သဖြင့် လေဆိပ်သို့ အရေးပေါ် ပြန်လည်ဆင်းသက်ခဲ့ရသည်။

ငြိမ်းသတ်နိုင်

ချန်ဂီလေဆိပ်သို့ နံနက် ၁ နာရီ ၅၇ မိနစ်တွင် ဘေးကင်းစွာပြန်လည်ဆင်းသက်ခဲ့ပြီး လေဆိပ်အရေးပေါ်ဝန်ဆောင်မှုဌာနက မီးသတ်ယာဉ်ခြောက်စီးဖြင့် လေယာဉ်၏ အင်ဂျင်တစ်လုံးမီးလောင်နေသည်ကို ချက်ချင်းငြိမ်းသတ်နိုင်ခဲ့သည်။ လေယာဉ်ပေါ်ရှိ ခရီးသည်များနှင့် အမှုထမ်းများ တစ်ဦးမျှထိခိုက်မှု မရှိသော်လည်း ယင်းမတော်တဆမှုကြောင့် လေယာဉ်ပြေးလမ်းကို တစ်နာရီကျော် ယာယီပိတ်ထားခဲ့ရသည်။

အမ်အင်န်အေ၊အေအက်ဖ်ပီ

မေ ၁၆ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၉၇ ဒသမ ၈၄
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၂၁
၃။	ရွှေ	တစ်အောင်စ	၁၄၉၂ ဒသမ ၂၈
၄။	ငွေ	တစ်အောင်စ	၃၄ ဒသမ ၂၃
၅။	ကြေး	တစ်အောင်စ	၃ ဒသမ ၉၆
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၃၃ ဒသမ ၀၀

မေ ၁၆ ရက် မြန်မာ့ရွှေဈေးကွက်

ရွှေ	တစ်ကျပ်သား(အခေါက်)	ကျပ် ၆၆၈၀၀၀
ရွှေ	၁၅ ပဲရည်	ကျပ် ၆၂၇၀၀၀
ရွှေ	၁၄ ပဲရည်	ကျပ် ၅၉၀၀၀၀

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင် ချစ်ကြည်ရေးဘောလုံးခြေစမ်းပွဲ ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၁၄ရက် ညနေ ၄နာရီက ပုသိမ်မြို့ မြို့မ အားကစားကွင်း၌ကျင်းပသော ဧရာဝတီယူနိုက်တက်(FC) ဘောလုံးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် ဘောလုံးအသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါချစ်ကြည်ရေးခြေစမ်းကစားပွဲတွင် ဧရာဝတီယူနိုက်တက်(FC) ဘောလုံးအသင်းက ဧရာဝတီတိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် ဘောလုံးအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညပိုင်းတွင် ပုသိမ်ဟိုတယ်၌ကျင်းပသော ဧရာဝတီယူနိုက်တက် (FC)ဘောလုံးအသင်း၏ ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို တက်ရောက်သည်။ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဧရာဝတီယူနိုက်တက်(FC)ဘောလုံးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် ဘောလုံးအသင်းတို့အား တစ်သင်းလျှင် ဆုငွေကျပ် ငါးသိန်းစီချီးမြှင့်ခဲ့ပြီး ဧရာဝတီယူနိုက်တက်(FC) ဘောလုံးအသင်းဥက္ကဋ္ဌ ဦးရန်ဝင်းက ဘောလုံးအသင်း နှစ်သင်းအား တစ်သင်းလျှင် ဆုငွေကျပ် ငါးသိန်းစီ ပေးအပ်ချီးမြှင့်ကာ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီသို့ ငွေကျပ် ၁၀သိန်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပိုလီယို ကာကွယ်ဆေး တိုက်ကျွေး

ရခိုင်ပြည်နယ် ဝန် ကြီး ချုပ် ဦးလှမောင်တင် အသက် ငါးနှစ် အောက် ကလေး ငယ် များ အား ပိုလီယို ကာ ကွယ်ဆေးများ တိုက်ကျွေးစဉ်။ (သတင်းစဉ်)

မီးသတ်တပ်ဖွဲ့နေ့ မိတ္ထီလာ၌ ကျင်းပ

မိတ္ထီလာ မေ ၁၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ရက် နံနက် ၉နာရီက မီးသတ်စခန်း အမှတ်(၁)၌ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ် **(အပေါ်ပုံ)**က အမှာစကား ပြောကြားပြီး မြို့မိမြို့ဖ ဦးချစ်မွေးနှင့် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးကြည်ထွန်းတို့က မီးသတ်တပ်ဖွဲ့ဝင်တို့၏ သားသမီးများအတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးငွေများ ပေးအပ်ကြသည်။

ဆောင်ရွက်

မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မြို့ပေါ်ရပ်ကွက်များ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းများကို မေ ၁ရက်မှ စတင်ဆောင်ရွက်ခဲ့ကြပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် မြို့တွင်းသန့်ရှင်းရေးလုပ်ငန်းများကို သန္နေနှင့် အရန်အင်အား ၁၅၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၀၆)**

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲ ရခိုင်ပြည်နယ် စစ်တွေမြို့၌ ကျင်းပ

နေပြည်တော် မေ ၁၆

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်သည် မေ ၁၃ရက် မွန်းလွဲပိုင်းက စစ်တွေမြို့ရှိ လူမှုဖူလုံရေးအဖွဲ့ရုံး၌ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ရုံး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့မှ ပြည်နယ်တာဝန်ခံများနှင့် ဝန်ထမ်းများအား တွေ့ဆုံဆွေးနွေးမှာကြားပြီး အလုပ်ရုံနှင့် အလုပ်သမားစိစစ်ရေး ဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနရုံးသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ယာဉ်အမောင်းသင် စစ်ဆေးရေးကွင်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အမှာစကား

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၁၄ ရက် နံနက် ၈ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသော ရခိုင်ပြည်နယ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနေမျိုးအုန်းက ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) လုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တိုက်ကျွေး

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အသက် ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့နယ် ကျန်းမာရေးဦးစီးဌာန မောလိတ် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းနှင့် မင်းဂံ ဒေသန္တရဆေးပေးခန်းများရှိ ကာကွယ်ဆေးတိုက်စုရပ်များ၌ အသက် ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယို ကာကွယ်ဆေး တိုက်ကျွေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုံရွာမြို့နယ် ကမ်းနားလမ်း(အောင်ဇေယျလမ်း) သလ္လာဝတီဆိပ်မှ ဇေယျမမ္မသုခကျောင်းအနီး ကတ္တရာခင်းခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် မေ ၈ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်(ဘဲဂရက်)-ရန်ကုန်(လှိုင်သာယာ)ရထားလမ်း သတ်မှတ်ကာလပြီးစီးရေး ကြိုးပမ်းတည်ဆောက်လျက်ရှိ

သတင်းမှတ်စု-ညွှန့်သန်း

ရန်ကုန် မေ ၁၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော် ဖောက်လုပ်လျက်ရှိသော ၈၉ မိုင်ရှည် ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းစီမံကိန်းတွင် ၂၀ဒသမ ၇၅မိုင်ရှည် ပုသိမ်(ဘဲဂရက်)-အိမ်မဲ ရထားလမ်းပိုင်းကို မတ် ၂၀ ရက်က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။

ယင်းရထားလမ်းပိုင်းကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁ရက်က စတင်ဖောက်လုပ်ခဲ့ပြီး တစ်နှစ်နှင့်သုံးလအကြာတွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကာ ယင်းရထားလမ်းစီမံကိန်းတွင် ပထမဦးဆုံးဖွင့်လှစ်နိုင်သည့် ရထားလမ်းအစိတ်အပိုင်းဖြစ်သည်။

ဖွင့်လှစ်ပေး

ပုသိမ်(ဘဲဂရက်)-အိမ်မဲ ရထားလမ်းပိုင်းကို ဖောက်လုပ်ရာ၌ ဆင်ဂေါင်းကျေးရွာအနီး မိုင်တိုင် ၅ မိုင်တွင် အောက်ခံမြေသားညံ့ဖျင်းမှုကြောင့် GEO-TEXTILE နည်းပညာဖြင့် ငွေကြေးများစွာသုံးစွဲ၍ ဖောက်လုပ်ခဲ့ရသည်။ ရထားပြေးဆွဲရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် တစ်နှစ်ခန့်စောင့်ကြည့်ခဲ့ပြီးမှ ရထားလမ်းကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းသစ်ဖောက်လုပ်ပြီးစီးပါက ခရီးလမ်းတစ်လျှောက်ရှိဒေသများမှ ကုန်စည်များ ရန်ကုန်မြို့နှင့် ဒေသအသီးသီးသို့ လွယ်ကူစွာ စီးဆင်းဝင်ရောက်နိုင်ပြီး ပုသိမ်မြို့မှ ဟင်္သာတ၊ ယင်းမှ ကြံခင်း-ပခုက္ကူ-ကလေးသို့လည်းကောင်း၊ ကြံခင်း-ပခုက္ကူရထားလမ်းပိုင်းရှိ မင်းဘူးမြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့လည်းကောင်း၊ ပုသိမ်မြို့မှ ရန်ကုန်မြို့၊ ယင်းမှ နေပြည်တော်နှင့် ဒေသအသီးသီးသို့လည်းကောင်း လွယ်ကူစွာကူးသန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ***(သတင်းစဉ်)***

ကျန်းမာရေးအတွက် လျှပ်စစ်ရေနွေးချိုးစက်များဖြန့်ဖြူး

ရန်ကုန် မေ ၁၆

ပြည်တွင်းစားသုံးသူများအတွက် ကျန်းမာရေးကို အထောက်အကူပြုသည့် အဆင့်မြင့်နည်းပညာများဖြင့် ထုတ်လုပ်ထားသော Alpha အမှတ်တံဆိပ်နှင့် Bosston အမှတ်တံဆိပ် ရေနွေးချိုးစက်များနှင့် ရေချိုးခန်းသုံးပစ္စည်းများကို မိုးရာသီဈေးရောင်းပွဲတော်အဖြစ် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

Alpha Instant Water Heater ရေနွေးချိုးစက်သည် အဆင့်အတန်းမြင့်မားသော နည်းပညာများဖြင့်တည်ဆောက်ထားပြီး မီးအား 3.5 KW တွင် အသုံးပြုနိုင်ကြောင်း၊ ရေကိုချက်ချင်းနွေးစေပြီး ရေပန်းခေါင်းနှင့်တစ်ပြိုင်တည်း အသုံးပြုနိုင်ကြောင်း၊ အပူအအေးကို ကောင်းစွာထိန်းချုပ်ပေးကာ လျှပ်စစ်စီးမှု အကာအကွယ်ပေးသည့် ဘရိတ်ကာပါရှိသည့်အပြင် လျှပ်စစ်စီးမှု ၁၅ မီလီအမ်ပီ ထက်ကျော်လွန်ပါက လျှပ်စစ်ကိုဖြတ်တောက်ပေးသည့်စနစ် ပါရှိကြောင်း၊ ရေအလွန်ပူခြင်းကို ကာကွယ်သည့်စနစ်ပါရှိပြီး အပူချိန် 50˚C ထက် ကျော်လွန်ပါက အလိုအလျောက် ရပ်တန့်ပေးသည့် စနစ်ပါရှိကြောင်း၊ ရေတိုင်ကီကို စက်တပ်ဆင်သည့်နေရာမှ ၁ဒသမ ၅မီတာအမြင့်တွင် ထားရှိအသုံးပြုနိုင်ကြောင်း သိရသည်။

Bosston Electronic Storage Water Heater ရေနွေးချိုးစက်သည် နည်းပညာမြင့်မားသော Heating Element ကို ရွေးချယ်အသုံးပြုထားပြီး 2 mm အထူရှိသည့် အကောင်းစား စတီးလ်ပလိပ်ပြား တိုင်ကီကို အသုံးပြုထားကြောင်း၊ အတွင်းပိုင်းကို သံချေးတက်ခြင်းမှကာကွယ်ပေးနိုင်သော စိမ်းပြာရောင် ကြွေဆေးသုတ်ထားကြောင်း၊ ရေအေးမှ ရေနွေးသို့ တိုက်ရိုက်ကူးပြောင်းနိုင်သည့်အပြင် လျှပ်စစ်လုံခြုံမှုစနစ်ကိုလည်း တပ်ဆင်ထားကြောင်း သိရသည်။

လျှပ်စစ်ရေနွေးချိုးစက်များအား နယ်ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးလိုသူများအနေဖြင့် Royal Ceramic Trading Co., Ltd. အမှတ် ၅၀ လမ်း ၃၀(အောက်လမ်း) ပန်းဘဲတန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၂၄၃၇၉၃၊ ၂၅၀၂၉၃နှင့် ၀၉-၅၀၂၁၇၈၅တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာ့ရှုခင်း
၇း၃၀	၈။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၆။	မျိုးချစ်တပ်မတော်
၄း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၅	၈။	အင်္ဂလိပ်စာသုတ
၄း၅၅	၉။	မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၁၀။	မီးသတ်ပေးနိုးဆော်ချက်
၅း၁၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း -၂)
၆း၀၀	၁၃။	မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၁၅	၁၅။	ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
၆း၂၅	၁၆။	အောင်မြင်ခြင်းလမ်းမ
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၉)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဒို့တာဝန်အရေး(၃)ပါး
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	မွေးမြူသုတ
	၂၄။	ဟာသရုပ်စုံ
	၂၅။	သီချင်းလက်ဆောင်
	၂၆။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၁၄)
	၂၈။	Mini Series

လကဆုန်၊ သွန်းညောင်ရေနှင့် ဗောဓိပင်

* ဟေမန် နွေလှန်လို့ တုံ့ပြန်တော့
ဘွေသဟံ ဝေယန်အုံ့ဆီက
လေပြန်လှို့ ဆော်ခဲ့ပြီ။

* ပင်ပေါ်ထက်၊ ရော်ရွက်ဝါထိန်ဝေနှင့်
ခါဂိမ္ဗ သည်တစ်ခေတ်တွင်မှ
ညှာလိမ်ကြွေ တမည် သစ်မည်ကြောင့်
အသစ်တွေ ထွေကာစုပါလို့
ပုရစ်ခွေ တမာနုမှာကွယ်
ကျေးဥ စီစီ။

* ခင်တန်းလျှိုသပြေပင်က
ရွှေသဇင် သုတ်လေနှောပြန်တော့
နေဝင်လျှင် ဘုတ်တွေရောပါလို့
အုတ်ရွှေသြရယ်က တွန်သံချီ
ဌာနီနှင့်ကွာဝေး။

* ဖန်ခါခါ လမ္ဘရာစည်ဒိုဏ္ဍိုပေမို့
ဝသန်မှာ ဆည်မချိပြီဘူ့
ပူမိသည် မှော်ရဂုံက
တော်ကဆုန် ညောင်ရေသွန်းချိန်မို့
ဖော်မစုံ အောင်မြေကွန်းဆီသို့
လွမ်းလိုက်လှသေး။

စကားပြေမှာ ဟေမန္တရာသီဟုဆိုအပ်သော ဆောင်းရာသီကို နွေရာသီက တုံ့ပြန်ထားသော ဤကဆုန်လတွင် ကောင်းကင်မှ အားကြီးအုံ့မှိုင်းပြီးလျှင် လေပြန်တို့က လှို့ဆော်ခဲ့လေပြီ။ ထိုဂိမန္တရာသီအချိန်မျိုးတွင် သစ်ပင်၏ အထက်၌ရှိသော အားနည်းသည့် သစ်ရွက်ဝါကလေးတို့မှာ ရွက်သစ်ထွက်ရန် ကြွေကျတော့မည့်သဘောဖြင့် အညှာကလေးတွေလိမ်ခွေကာ အချို့က ပြုနေ၍ အချို့အပင်များကား ရွက်သစ်တွေပင် ထွက်နေကာ တမာပင်တို့မှာလည်း အဖူးပုရစ်တွေ၊ ကြက်တူရွေး၏ ဥကလေးကဲ့သို့ စိမ်းလဲ့သည့်အရောင်နု စီရရီ ရှိနေလေပြီ။ ထိုသို့ သစ်ပင်တို့၏ စိုပြည်နေသည့်အချိန်၌ပင် တောတန်းကလေးတွင်ရှိသော သပြေပင်ထက်မှ သဇင်ပန်းနံ့တို့ကို လေပြည်ကလေးက ရောနှော တိုက်ခတ်၍လာခြင်း၊ နေဝင်ခါနီး၌ ဘုတ်ငှက်တို့ကမြည်ခြင်း၊ ဥသြငှက်တို့က မြည်ခြင်းဖြင့်သာ နေရပ်နှင့်ဝေးသော ကျွန်ုပ်မှာတွေ့ကြုံရလေပြီ။ ထိုအတွေးအတွင်း အာလမ္ဘရစည်ဟူ၍လည်းကောင်း၊ ဒိုဏ္ဍိမာစည်ဟူ၍လည်းကောင်း အမည်ရသည့် တိုက်စည်ကြီးကို တီးသကဲ့သို့ ကောင်းကင်ယံအလုံးမှာ အဖန်တလဲလဲ ထစ်ချုန်းနေသဖြင့် တောကြီးထဲတွင်ရှိသောကျွန်ုပ်မှာ ဩော်.... ဤကာလကား ဗောဓိညောင်ရေသွန်းသည့် ကဆုန်လပင်ဖြစ်သည်ဟု အောင်မြေတွင် တည်ရှိထားသော ရွှေနန်းတော်အဆောက်အအုံသို့ အောက်မေ့လွမ်းဆွတ်မိပါတော့သည်။

လကဆုန်

တန်ခူးလကုန်၍ ကဆုန်လကူးတိုင်း တန်ခူးရေကုန် ကဆုန်ရေခန်းဟု ရှေးကအဆိုရှိကြပါသည်။ ထို့အပြင် ထိုကာလ ရာသီဥတုပူပြင်းလွန်းသဖြင့် ကဆုန် နယုန် ဆွေ့ဆွေ့ခုန်ဟူ၍လည်း အဆိုရှိကြပါသည်။ သို့ရာတွင် ကဆုန် လလယ်နှင့် လကုန်ပိုင်းတွင် မုတ်သုံလေရိုက်ဆော်သွင်းလာသဖြင့် မိုးရိပ်မိုးငွေ့နှင့်အတူ ရှေးစာဆိုတော် ဦးကြော့၏ အထက်ဖော်ပြပါ လကဆုန် ကဗျာလေးအား သတိထား၍ ရေရွတ်မိပါက မြန်မာတို့၏ နေ့ထူးနေ့မြတ်တစ်ခုဖြစ်သော ကဆုန်လညောင်ရေသွန်းပွဲတော်အား လူတိုင်းသတိထားမိမည်ဖြစ်ပါသည်။

ဤလသည် ဝိသာခါနက္ခတ်နှင့်စန်းယှဉ်ပြီး မွန်းတည့်တာရာတို့သည် အားအစွမ်းဖြင့်ပြည့်စုံသော နွားလားဥသဘပုံဖြစ်ပေါ်နေသည်ကို အကြောင်းပြုကာ ပြိဿရာသီဟု အခေါ်များကြသည်။ ဝိသာခါနက္ခတ်နှင့် ဆင်တာရာ တို့သည် မွန်းတည့်ကာ ငွေလမင်းကို ခြံရံသောလဖြစ်သည့်နည်းတူ ရှင်နေမင်းအား ကြတ္တိကာနက္ခတ်ကာဆီးထားပေသည်။ ရာသီပန်းအဖြစ် စံကားပန်းပွင့်သောဤလတွင် နေ့တာရှည်လာသည်။ နေ့ ၃၂ နာရီ၊ ည ၂၈ နာရီဖြစ်ကာ မွန်းတည့်ဖဝါးမှာ နှစ်ဖဝါးဖြစ်သည်။

ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်

ကဆုန်လတွင် လပြည့်နေ့အား မြန်မာတို့က နေ့ထူးနေ့မြတ်အဖြစ်မှတ်ယူရခြင်း အဓိကအကြောင်းများမှာ ရှင်တော်မြတ်ဗုဒ္ဓဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်စွာဘုရားထံတော်မှ ဘုရားစင်စစ် ဧကန်ဖြစ်မည်ဟု နိယတဗျာဒိတ်တော် ရရှိသည့်နေ့ဖြစ်ခြင်း၊ မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကပိလဝတ်နှင့် ဒေဝဒဟပြည်အကြားရှိ လုမ္ဗိနီသာမော အင်ကြင်းတော(ယခုခေတ် နီပေါနိုင်ငံ) တွင် သုဒ္ဓေါဒနမင်းကြီး၏ ရှုမငြီးသော ဇနီးကြင်ရာတော် သီရိမဟာမာယာဒေဝီ၏ ဝမ်းကြာတိုက်မှ ဘုရားအလောင်းတော်ကို မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ခြင်း၊ သိဒ္ဓတ္ထမင်းသား ဘုရားလောင်းသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် သစ္စာလေးပါးကိုသိမြင်၍ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ခြင်း၊ ထိုကဆုန်လပြည့်နေ့တွင်ပင် ဖွားဖက်တော်များဖြစ်သော ကာဠုဒါယီအမတ်၊ ယသော်ဓရာ၊ အာနန္ဒာမင်းသား၊ ဆန္နအမတ်၊ ကဏ္ဍကစီးတော်မြင်း၊ ရွှေအိုးကြီးလေးလုံး၊ မဟာဗောဓိပင်တို့လည်း တစ်နေ့တည်း တစ်ချိန်တည်းတွင် မွေးဖွားပေါက်ရောက်ခဲ့ခြင်းနှင့် မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ ၌ ဝါတော် ၄၅ ဝါ၊ သက်တော် ၈၀ တွင် သုံးလူ့ထွတ်ထား မြတ်ဘုရားသည် နယ်မလ္လတိုင်း ကုသိနာရုံရှိ အင်ကြင်းတောရိပ်သာ (ယခုခေတ် အိန္ဒိယနိုင်ငံ) တွင် ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ရှင်တော်မြတ်ဘုရားသည် ဗောဓိညောင်ပင်တွင် တည်မှီ ပွင့်တော်မူခဲ့ခြင်းတို့ကြောင့် မြန်မာတို့သည် ကဆုန်လပြည့်နေ့တွင် ဘုရား၊ ကျောင်းနှင့် သာသနာ့အဆောက်အအုံများရှိ ညောင်ပင်များတွင် အမွှေးနံ့သာရည်များ၊ သန့်စင်သော ရေများဖြင့် သွန်းလောင်းပူဇော်ကြသည့် ညောင်ရေသွန်းပွဲတော်ကို ကျင်းပခြင်းဖြစ်သည်။

တက္ကသိုလ်တင်လကျာ်

မဟာဗောဓိ ညောင်ကိုင်း၊ ညောင်ရွက်နှင့် ညောင်သီး။

မဟာဗောဓိပင် စိုက်ပျိုးခြင်း၏ ရှေးသမိုင်းအစဉ်အလာနှင့် အထောက်အထားများ

မြတ်စွာဘုရားပွင့်တော်မူရာ ဗောဓိပင်ကြီးမှ ဗောဓိပင်များပွားလာပုံမှာ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တစ်နေ့သောအခါ သာဝတ္ထိပြည်သူ ပြည်သားများသည် ပန်းနံ့သာ ဆွဲလျက် မြတ်စွာဘုရားအား ပူဇော်ရန် ရောက်လာကြ၏။ ထိုအချိန်တွင် မြတ်စွာဘုရားမှာ ဒေသစာရီ ကြွချီတော်မူခိုက်ဖြစ်၍ ဒါယကာ၊ ဒါယိကာမများမှာ စိတ်လက်မကြည်မသာဖြင့် ပြန်သွားကြရ၏။

ထိုအကြောင်းကို ရှင်အာနန္ဒာသိသောအခါ မြတ်စွာဘုရားအား "အရှင်ဘုရား ဒေသစာရီကြွတော်မူချိန်တွင် ဇေတဝန်ကျောင်းတော်ကြီးမှာ ကိုးကွယ်ရာကင်းနေပါသောကြောင့် လူအများပူဇော်မှုပြုနိုင်ရန် ဇေတဝန်ကျောင်းတော်မုခ်ဝ၌ မဟာဗောဓိပင်မှအစေ့ကို စိုက်လိုပါသည်ဘုရား" ဟု လျှောက်ထားခွင့်ပန်၏။

ထိုအခါ သုံးလူ့သနင်း တရားမင်းလည်း "ငှင်းကို စိုက်ပျိုးထားလျှင် ငါအမြဲရှိသကဲ့သို့ ကောင်းလှပေသည်။" ခွင့်ပြုတော်မူသည်။ ထို့ကြောင့် အရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းတော် တံခါးဝ၌ ဗောဓိပင် စိုက်ပျိုးရန်အတွက် ကောသလမင်းကြီး၊ အနာထပိဏ်သူဌေးနှင့် ဝိသာခါ ဒါယိကာမကြီးတို့အား တာဝန်ပေးသည်။ အရှင်မဟာမောဂ္ဂလန်မထေရ်သည် မူလ မဟာဗေဓိပင်ကြီးမှ ကြွေကျသော ဗောဓိသီးမှည့်ကို မြေမရောက်မီ ခံယူခဲ့ပြီး ယူဆောင်လာရာ အစီအစဉ်အတိုင်း စိုက်ပျိုးကြလေသည်။ ထိုဗောဓိပင်ကို အရှင်အာနန္ဒာကြီးမှူးစိုက်ပျိုးသောကြောင့် "အာနန္ဒာဗောဓိ" ဟု ခေါ်ကြသည်။ ထိုဗောဓိပင်ကို မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် လူအများ ကိုးကွယ်ပူဇော်ကြသည်ဟု "တေရသကနိပါတ် ကာလိင်္ဂ ဗောဓိဇာတ်"၌ ပါရှိပါသည်။

အလွန်ရှေးကျသောခေတ်ကပင် မြန်မာနိုင်ငံသို့ ဗောဓိပင်များ ရောက်နေပြီဖြစ်ကြောင်း သိသာပေသည်။ အတိအကျ အခိုင်အမာအားဖြင့်ဆိုသော် "က(စိ)န်ပသ်ကူလေပြီအော်၊ ညောင်မိဖုန်" ဟူသော သက္ကရာဇ် ၅၆၃ ခုထိုး၊ သင်ကြီးညောင်အုပ်ကျောက်စာ "မိဖုန်၊ သကြ်န်၊ စာရိယ်၊ ညောင်ရေသွန်း၊ မမြတ်စိတ်လျှင်တည်၏" ဟူသော သက္ကရာဇ် ၆၅ ခုနှစ်စွဲ၊ ပုဂံမြို့ စောလှဝန်းဘုရားကျောက်စာ အထောက်အထားများအရ ပုဂံခေတ်တွင် မဟာဗောဓိ ညောင်ပင်များ ရှိနေပြီဖြစ်ကြောင်းကိုကား အသေအချာ ဆိုနိုင်ပေသည်။

သွန်းညောင်ရေနှင့် ဗောဓိပင်

မြန်မာနိုင်ငံရှိ ညောင်ပင်မျိုးစိတ်ပေါင်း ၉၀ ခန့်ရှိသည့်အနက်မှ Ficus religiosa (ဗောဓိညောင်ပင်)၊ Ficus obtusifolia (ညောင်ကြပ်)၊ Ficus lacor (ညောင်ချဉ်)၊ Ficus virens (ညောင်ရှင်း)၊ Ficus elastica (ညောင်ကြက်ပေါင်)၊ Ficus benjamina (ညောင်လန်း)၊ Ficus retusa (ညောင်အုပ်)၊ Ficus glabella (ညောင်ပန်)၊ Ficus altissima (ညောင်ပိန္နဲ)၊ Ficus mysoriensis (ညောင်ပိန္နဲ)၊ Ficus nervosa (ညောင်ပိန္နဲ)၊ Ficus rumphii (ညောင်ဖြူ)၊ Ficus excelsa (ညောင်သပြေ)၊ Ficus geniculata (ညောင်သပြေ)၊ Ficus indica (ညောင်သပြေ)၊ Ficus tinctoria (ညောင်သပြေ)၊ Ficus annulata (ညောင်သဖန်း)တို့မှာ ထင်ရှားသော ညောင်မျိုးများဖြစ်ပါသည်။ ထိုညောင်မျိုးစိတ်အပေါင်းများစွာအထဲမှ ဗောဓိညောင်ပင်၏အကြောင်းကို လေ့လာဖော်ပြအပ်ပါသည်။

ဗောဓိညောင်ပင်

ဗောဓိညောင်ပင်သည် အရွက်ကြွေသော အပင်ကြီးအမျိုးအစားဖြစ်ပါသည်။ ငယ်ရွယ်စဉ်၌ အခြားအပင်များနှင့် အကိုင်းများကို တွယ်ကပ်ပေါက်လေ့ရှိပြီး အခက်အလက်ဖြာ၍ ပေါက်ရောက်သည်။ အရွက်သည် လုံးဝန်း၍ ဘဲဥပုံသဏ္ဌာန်ရှိကာ ထိပ်ပိုင်းတွင် အမြီးကဲ့သို့ ရွက်ထိပ်ချွန်သည်။ သစ်ရွက်များသည် များသောအားဖြင့် အောက်သို့တွဲလောင်းကျ၍ လှုပ်ရမ်းနေသည်။ အသီးများသည် သစ်ကိုင်းမှတစ်ဆင့် အစုံလိုက်သီးသည်။ အသီးသည် အချင်း ၀ ဒသမ ၅ လက်မခန့်ရှိ၍ ရင့်မှည့်သောအခါ အနက်ရောင် သို့မဟုတ် မရန်းရောင်ရှိသည်။ အပင်အား အိန္ဒိယနိုင်ငံတွင် သဘာဝပေါက်ပင်အဖြစ် တွေ့ရှိရသကဲ့သို့ စိုက်ပျိုးပင်အဖြစ်လည်း အမြတ်တနိုး စိုက်ပျိုးကြသည်။ ထို့အပြင် ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးနှင့် ပတ်သက်သော အထွတ်အမြတ်အပင်အဖြစ် အလေးထားကြသည်။ ထိုအပင်အား သာသနာ့အဆောက်အအုံများနှင့် လမ်းဘေး ဝဲ/ယာတို့တွင် စိုက်ပျိုးကြသည်။ သစ်စေ့မှ အပင်ပေါက်နိုင်ပြီး အကြီးမြန်အပင်အမျိုးအစားဖြစ်သည်။ ကိုင်းကူး၊ ကိုင်းဆက်နည်းဖြင့်လည်း မျိုးပွားနိုင်သည်။ အသီးနှင့်အရွက်နု၊ အဖူးများအား တစ်ခါတစ်ရံ အစားအစာအဖြစ် အသုံးပြုကြသည်။ အသီးများအား ငှက်များ အလွန်နှစ်သက်ပြီး ၎င်းတို့စွန့်ပစ်သောမစင်မှတစ်ဆင့် ပို၍ အပင်ပေါက်ရောက်နိုင်သည်။ အသီးခြောက်အား ခွဲခြမ်းလေ့လာကြည့်လျှင် အစိုဓာတ် ၉ ဒသမ ၉ ရာခိုင်နှုန်း၊ ရေတွင်ပျော်ဝင်သည့် အသားဓာတ် ၇ ဒသမ ၉ ရာခိုင်နှုန်း၊ အဆီဓာတ် ၅ ဒသမ ၃ ရာခိုင်နှုန်း၊ ကာဗိုဟိုက်ဒရိတ် ၃၄ ဒသမ ၉ ရာခိုင်နှုန်း၊ ရောင်ခြယ်ပစ္စည်း ၇ ဒသမ ၅ ရာခိုင်နှုန်း၊ အဖြူရောင်အလွှာ ၈ ဒသမ ၃ ရာခိုင်နှုန်း၊ စီလီကာ ၁ ဒသမ ၈၅ ရာခိုင်နှုန်း၊ ဖော့စဖိတ် ၀ ဒသမ ၆၉ ရာခိုင်နှုန်းပါဝင်ကြောင်း လေ့လာသိရှိရပါသည်။

ညောင်ရွက်နှင့် အကိုင်းအခက်နုများကို ကျွဲ၊ နွားနှင့် ဆင်များ၏ အစာအဖြစ် အသုံးပြုပါသည်။ အရွက်များတွင် ပရိုတိန်းပါဝင်မှုမှာ မြက်မျိုးရင်းများထက် နှစ်ဆမှ သုံးဆခန့်အထိ ပိုမိုပါဝင်ပါသည်။ အရွက်များ၏ အမြင့်ဆုံးထုံးဓာတ်ပါဝင်မှုမှာလည်း ပဲမျိုးရင်းဝင် အပင်များထက် နှစ်ဆမှ သုံးဆအထိ ပိုမိုပါဝင်ပါသည်။ အရွက်ပေါင်တစ်ရာတွင်ပါဝင်သော အာဟာရများမှာ ပရိုတိန်း ၇ ရာခိုင်နှုန်း၊ အီသာဓာတ် ၁ ဒသမ ၁၉ ရာခိုင်နှုန်း၊ အမျှင် ၆ ဒသမ ၀၃ ရာခိုင်နှုန်း၊ နိုက်ထရိုဂျင်ဓာတ်မပါသောပစ္စည်းများ ၂၂ ဒသမ ၅၆ ရာခိုင်နှုန်းနှင့် အခြားအာဟာရဓာတ် ၃၈ ဒသမ ၂၇ ရာခိုင်နှုန်း၊ ကစီဓာတ် ၂၂ ဒသမ ၄ ရာခိုင်နှုန်း စသည်တို့ ဖြစ်ပါသည်။

အရွက်များကို အစာရေစာရှားပါးသောကာလတွင် အစားအစာအဖြစ်လည်း အသုံးပြုနိုင်ကြောင်း သိရှိရပါသည်။ အပင်မှ ညောင်စေးကိုလည်း ထုတ်လုပ်နိုင်ပါသည်။ ဗောဓိညောင်စေးမှာ (Ficus. bengalensis) မှ အစေးနှင့်တူ၍ ကားတာယာများ အပေါက်ဖာရာတွင် အသုံးပြုပါသည်။ မာခဲနေသော ညောင်စေးကို လက်မှုပညာရှင်များက အလှဆင်ပစ္စည်းများ၏ အခေါင်းပေါက်များကိုဖြည့်ရန် အသုံးပြုကြသည်။ အပင်မှာ ဘင်္ဂလားပြည်နယ်၊ အာသံပြည်နယ်တို့တွင် (Lac insect) ခေါ် ချိပ်ပိုး၏ လက်ခံပင်များထဲမှ တစ်မျိုးအဖြစ် အသုံးပြုပါသည်။ သစ်သားများမှာ ဆင်စွယ်ရောင်ဖြစ်၍ အတော်အသင့်မာကျောသည်။ အကာအကွယ်ရှိသောနေရာတွင် ကြာရှည်စွာ ခံနိုင်ရည်ရှိပြီး ရေထဲတွင်လည်း အတန်ကြာကြာခံနိုင်ရည်ရှိကြောင်း သိရှိရပါသည်။ သစ်သားကို ပစ္စည်းများထုပ်ပိုးရန်နှင့် ရုံဖန်ရံခါ ဇွန်းနှင့်ဟင်းသောက်ပန်းကန်များအဖြစ် အသုံးပြုပါသည်။ သစ်ခေါက်များတွင် အစေး ၄ ရာခိုင်နှုန်းပါဝင်ပြီး ပြင်ပမှရောဂါမဝင်ရောက်ရန် ကာကွယ်ပေးပါသည်။ အရွက်နှင့်အဖူးများကို ဝမ်းမှန်စေရန်နှင့် အရေပြားရောဂါများအတွက် အသုံးပြုပါသည်။ အသီးနှင့်အစေ့ကိုလည်း ဝမ်းနုတ်ဆေးအဖြစ် အသုံးပြုနိုင်ကြောင်း လေ့လာသိရှိရပါသည်။

ညောင်ပင်နှင့်သဘာဝပတ်ဝန်းကျင်

ညောင်ပင်သည် အသက်ပြင်းပြီး အပင်ပေါက်ရန် လွယ်ကူသဖြင့် သဘာဝတောများရှိ ကျွန်းနှင့်အခြားသစ်မျိုးများ ရှင်သန်ကြီးထွားစေရန် အနှောင့်အယှက်ဖြစ်စေသည့် သစ်မျိုးတွင် ပါဝင်ပါသည်။ ထို့ကြောင့် သစ်တောဌာနရှိ တာဝန်ရှိသူများက နွယ်ဖြတ်ညောင်ပတ်လုပ်ခြင်း သစ်တောလုပ်ငန်းအား နှစ်စဉ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ သို့ရာတွင် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံ အစဉ်အလာများအရ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်သည်ဟု ဆိုစကားအတိုင်း ညောင်ပင်များအား အထိမ်းအမှတ်အပင်အဖြစ်လည်းကောင်း၊ အရိပ်ရစေရန် ဘုရားကျောင်းကန် အနီးတစ်ဝိုက်တွင်လည်းကောင်း၊ အချို့အညာဒေသ လမ်းဘေးဝဲယာတွင် အရိပ်ရပင်အဖြစ်လည်းကောင်း စနစ်တကျဖြင့် ခေတ်အဆက်ဆက် စိုက်ပျိုးထားကြောင်း လေ့လာသိရှိနိုင်ပါသည်။ လူသားတို့ စနစ်တကျ စိုက်ပျိုးထားသော ညောင်ပင်များသည် လူသားတို့အတွက်သာမက သားငှက်တိရစ္ဆာန်များအတွက်ပါ အရိပ်အာဝါသရရှိပြီး အစာအာဟာရအတွက်ပါ အကျိုးဖြစ်ထွန်းလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ညောင်ပင်အား စနစ်တကျ စိုက်ပျိုးနိုင်ပါက သဘာဝပတ်ဝန်းကျင်ကို အထိုက်အလျောက် အထောက်အကူပြုလုပ်ငန်းတစ်ရပ်အဖြစ် မှတ်ယူနိုင်ပါကြောင်း စုစည်းလေ့လာ တင်ပြလိုက်ရပါသည်။ ။

ဆုယူရှင်လန်း ညောင်ရေသွန်းကြ

ပန်းရွှေစံကားဝါ
ဝိသာခါနှင့်၊ တာရာစုံထွေ
ရံခြွေဝန်းခ၊ လမြတ်ကဆုန်
ပြည့်ကုံပုဏ္ဏမီ၊ ဂုဏ်မြတ်သည်ကား
ဘုရားရှင်တို့၊ လေးအင်သစ္စာ
သိကာမြင်ရှု၊ သုမေဓာလည်း
နိယတဗျာဒိတ်၊ ခံယူမိန္ဒ
သိဒ္ဓတ္ထလျှင်၊ ဖွားမြင်တော်မူ
ပွင့်တော်မူဘိ၊ ပရိနိဗ္ဗာန်
စံလွန်ရက်ပင်၊ ဗုဒ္ဓဝင်ဟု
ဆုယူရှင်လန်း၊ ညောင်ရေသွန်းကာ
မေတ္တာဝေကြြ၊ ချမ်းမြေ့ကြသည်
မြတ်လှ လပြည့်ကဆုန်တည်း.....။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဂျာမနီနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ လွတ်လပ်သော ဒီမိုကရက်တစ်ပါတီ (အက်ဖ်ဒီပီ)မှ လွှတ်တော်အမတ် မစ္စတာမိုက်ကယ်ဂလော့စ်နှင့် ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဒေါက်တာဟန်းစ်စီဟတ်မယ်ယာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့်ဂျာမနီ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား IRC မှ Country Director လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား International Rescue Committee (IRC) မှ Country Director Ms.Catherine Elisabeth Breen Kamkong သည် မေ ၁၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား International Rescue Committee (IRC) မှ Country Director Ms.Catherine Elisabeth Breen Kamkong လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တွင်း နေရာအချို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၁၆

သတင်းမှတ်စု — ကိုကြီးသာ

ရန်ကုန်မြို့တွင်းနေရာအချို့၌ မီးလောင်မှုများဖြစ်ပွားခဲ့ရာ ယနေ့ နံနက် ၆ နာရီ ၁၈ မိနစ်တွင် သဃ်္ဃန်းကျွန်းမြို့နယ် ဆ/က ရပ်ကွက် လေးထောင့်ကန်လမ်းရှိ ခြောက်ထပ်တိုက် အပေါ်ဆုံးထပ်၌ ဧည့်ခန်းအပြင်ဘက်ရှိ မိန်းဆွိ အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားပြီး ဆိုဖာဆက်တီအချို့ မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် ငါးစီး၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ သန္နေ မီးသတ်တပ်ဖွဲ့ဝင် ၂၄ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးတို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

မီးငြိမ်းသွား

အလားတူ မေ ၁၅ ရက် နံနက် ၃ နာရီ ၄၅ မိနစ်ကလည်း ကျောက်တံတားမြို့နယ် အမှတ်(၁) ရပ်ကွက် ၃၃ လမ်း (အထက်) ရှိ ဟိုတယ် တစ်လုံး၏ လေးထပ်တိုက် လေးလွှာအခန်း တစ်ခန်း၌ အဲယားကွန်း ချွတ်ယွင်းမှုကြောင့် အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းရာ အဲယားကွန်း တစ်လုံးနှင့် မတ်ရပ်ပန်ကာ တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်ရာသို့ မီးသတ် ယာဉ်ခြောက်စီး၊ အုပ်ချုပ်မှု ယာဉ်သုံးစီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၃၇ ဦးနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင် ၁၀ ဦးတို့က ဝိုင်းဝန်း ငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

လျှပ်စစ်ဆိုသည်မှာ လူသားတိုင်းအတွက် မရှိမဖြစ် အလိုအပ်ဆုံး အရာဖြစ်သည့်အတွက် လျှပ်စစ်သုံးစွဲသူ ပြည်သူများ အနေဖြင့် ဥတုသုံးလီ ဂရုတစိုက်၊ စနစ်တကျ၊ ရိုသေစွာကိုင်တွယ်သုံးစွဲကြမည် ဆိုပါက မီးဘေးအန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်ပြီး လူမှုဘဝများလည်း တိုးတက်ဖွံ့ဖြိုးစေမည် ဖြစ်ကြောင်း သတင်းပေး တင်ပြလိုက်ရပါသည်။

ရန်သူမီးဘေး တားဆီးရေး မနှေးဆောင်ရွက်ကြ

လှူဒါန်း

စီးပွားရေးတက္ကသိုလ် ဘောဂဗေဒ(၁၉၈၄)ကျောင်းသားဟောင်းများ မေ ၁၄ ရက်က ရွှေမင်းသားဖောင်ဒေးရှင်းသို့ ငွေကျပ် နှစ်သိန်း လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန်နှင့် ခြေစမ်းပွဲများ ကစားရန် ရတနာပုံ F.C ဘောလုံးအကယ်ဒမီအသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၁၆

● သတင်းမှတ်စု ဖိုးသော်ဇင် ●

ထိုင်းပရီမီယာလိဂ်ကလပ် မြောင်တောင်အသင်းနှင့်ဗန်ကောက်ဂလက်စ်အသင်းတို့၏ ဘောလုံး အကယ်ဒမီများတွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန်နှင့် ခြေစမ်းပွဲများယှဉ်ပြိုင်ရန် ရတနာပုံ F.C ဘောလုံး အကယ်ဒမီမှ လူငယ် ဘောလုံးသမားများသည် ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရတနာပုံ F.C အသင်း ပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**

လိုက်ပါသွား

ရတနာပုံ F.C ဘောလုံး အကယ်ဒမီအသင်းတွင် နည်းပြချုပ်အဖြစ် မစ္စတာလီယိုနာဒို(ဘရာဇီး) ဦးဆောင်၍ နည်းပြများအဖြစ် ဦးမြင့်ကို၊ ဦးတင်ဝင်း၊ ဦးဖြိုးဝင်းမော်၊ ကစားသမား ၂၉ ဦး တို့လိုက်ပါသွားကြသည်။ ရတနာပုံ F.C ဘောလုံးအကယ်ဒမီ အသင်းသည် မေ ၃၀ ရက်အထိ ထိုင်းနိုင်ငံတွင် နေထိုင်ကာ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး အာဆင်နယ် ဘောလုံးအကယ်ဒမီအသင်း၊ ထိုင်းပရီမီယာလိဂ် နာမည်ကြီးအသင်းများဖြစ်သည့် မြောင်တောင်အသင်း၊ ဗန်ကောက်ဂလက်စ်အသင်းတို့ အပါအဝင် အသင်းလေးသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားပြီး ပူးတွဲ လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ရတနာပုံ F.C ဘောလုံး အကယ်ဒမီ အသင်းတွင် ယူ-၁၄ အသင်းနှင့် ယူ-၁၆ အသင်းတို့ ပါဝင်သွားကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အောက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းမည်

နေပြည်တော် မေ ၁၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ် တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့ အလယ်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၁၇ရက် ညနေအထိခန့်မှန်းချက်မှာ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မကွေးမြို့ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းရုံး၌ ပဲနှမ်းကုန်သည်လုပ်ငန်းရှင်များ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ အထူးပြုကုမ္ပဏီများ၊ ကုန်စည်ဒိုင်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း ဦးဆောင်သောအဖွဲ့ (၅)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၁၆

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း ဦးဆောင်သောအဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် (၅)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၁၀ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းထွန်း မိုဘိုင်းလ်ဆက်သွယ်မှုကွန်ရက်စနစ်တည်ဆောက်ရေးနှင့် တပ်ဆင်ရေးအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နည်းပညာနှင့် ရင်းနှီးငွေလိုအပ်ချက်များ ကူညီပေးမည်

ဆီထွက်သီးနှံများ ပူလုံမှုရရှိစေရေး တိုးချဲ့စိုက်ပျိုး

နေပြည်တော် မေ ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် မေ ၁၄ ရက် နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းရုံး၌ ပဲနှမ်းကုန်သည်လုပ်ငန်းရှင်များ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ အထူးပြုကုမ္ပဏီများ၊ ကုန်စည်ဒိုင်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ပဲနှင့် နှမ်းစိုက်တောင်သူများ၏ နည်းပညာများလိုအပ်ချက်၊ ရင်းနှီးငွေ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အထူးပြုကုမ္ပဏီများနှင့် ချိတ်ဆက်ကူညီပေးမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကို ပြည်တွင်းဖူလုံမှုရရှိစေရေး တိုးချဲ့စိုက်ပျိုးရန်နှင့် လိုအပ်သောပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မကွေးတိုင်းဒေသကြီး စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်နိုင်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် စားဖိုဆောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌတို့က မိမိတို့၏ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်မြေကုန်းကျေးရွာ၌ ကျင်းပသည့် ရွှေထနောင်း ပဲမျိုးစုံ အထူးပြုကုမ္ပဏီက ပဲနှမ်းစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ထုတ်ပေးသည့် အခမ်းအနားသို့ တက်ရောက်၍ စိုက်ပျိုးစရိတ်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ပံ့ပိုးကူညီ

ပြည်ထောင်စု ဝန်ကြီးသည် ညနေပိုင်းတွင် အောင်လံမြို့မှ ကုန်သည် လုပ်ငန်းရှင်များနှင့် ကုန်စည်ဒိုင် တာဝန်ရှိသူများအား တွေ့ဆုံ၍ အောင်လံမြို့နယ်အတွင်း အောင်မြင်ဖြစ်ထွန်းနေသော ဂျပန်ဈေးကွက်အကြိုက် သီပွံနှမ်းနက်မျိုးကို ယခုထက် ပိုမိုကျယ်ပြန့်စွာ တိုးချဲ့စိုက်ပျိုးထုတ်လုပ် တင်ပို့သွားရန်၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအား နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးရန်၊ လိုအပ်သည့် မျိုး၊ သွင်းအားစု၊ ငွေကြေးများကို အတိုးနှုန်း သက်သာစွာ ချေးငှားပေးရန်နှင့် ကျေးလက်ဒေသများသို့ အရောက် ကွင်းဆင်းပံ့ပိုးကူညီ ဆောင်ရွက်ပေးရန်တို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ဆွေးနွေးမှာကြား

ပြည်ထောင်စု ဝန်ကြီးသည် ယနေ့ နံနက် ၆ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းရှိ Diamond Dragon Co., Ltd. ၏ စားအုန်းဆီ သိုလှောင်ကန်၌ ပြည်ပမှ မှာယူတင်သွင်းရောက်ရှိနေသော စားအုန်းဆီများကို သင်္ဘောပေါ်မှ ဆီသိုလှောင်ကန်များသို့ တင်ပို့နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသိန်းဟန်၊ Diamond Dragon Co., Ltd. မှ ဦးမျိုးအောင်နှင့် ဆီတင်သွင်းသူ လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဆီလုပ်ငန်းရှင်များ အနေဖြင့် တင်သွင်းသောဆီများကို ကျန်းမာရေးနှင့်ညီညွတ်ပြီး စားသုံးရန် သင့်တော်သော စားသုံးဆီများကိုသာ တင်သွင်းရန်၊ အချိန်နှင့်တစ်ပြေးညီ ဈေးကွက်အရောက် ဖြန့်ဖြူးရန်နှင့် ပြည်ပမှ တင်သွင်းနေရမှုများကို တစ်စတစ်စ လျှော့ချနိုင်ရန်အတွက် ပြည်တွင်းထုတ်ကုန်များကို တိုးတက်ထုတ်လုပ်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ရေး

ဆက်သွယ်ရေးကဏ္ဍ ခေတ်မီတိုးတက်အောင်ဆောင်ရွက်

ရန်ကုန် မေ ၁၆

နိုင်ငံတော်၏ ဆက်သွယ်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်း အားဖြင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ကြောင်း၊ Online စနစ် အသုံးပြုမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်သဖြင့် လုပ်ငန်းအဆင့်ဆင့်ကို လုပ်ကိုင်ရာတွင် Human Factor ဆိုသည့် လူပါဝင်လုပ်ဆောင်မှုအပိုင်းများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ Online စနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်မှုသည် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသော အစိုးရ ပေါ်ပေါက်ရန်ဟူသည့် နိုင်ငံတော်သမ္မတ၏ မှာကြားချက်ကို အကောင်အထည်ဖော်ရာတွင် ကြီးမားစွာ အထောက်အကူဖြစ်စေမည် ဖြစ်ကြောင်းဖြင့် ရန်ကုန်မြို့ရှိ ကြေးနန်းဆက်သွယ်ရေးနှင့်စာတိုက်သင်တန်းကျောင်း၌ ယနေ့ကျင်းပသည့် မိုဘိုင်းလ်ဆက်သွယ်မှု ကွန်ရက်စနစ်တည်ဆောက်ရေးနှင့် တပ်ဆင်ရေးအခြေခံ သင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက မှာကြားသည်။

ကြိုးစားဆောင်ရွက်

ပြည်ထောင်စု ဝန်ကြီးက ဆက်လက်မှာကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ဆောက်ရာတွင် ဆက်သွယ်ရေးကဏ္ဍ ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရေးသည်လည်း အဓိကလိုအပ်ချက်တစ်ခုဖြစ်ရာ ဆက်သွယ်ရေးကဏ္ဍကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် တန်းတူရည်တူဖြစ်စေရေး အထူးကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မိုဘိုင်းလ်ဆက်သွယ်မှု တိုးချဲ့ရေး စီမံကိန်းကို ဆောင်ရွက်ရာတွင် ပြည်တွင်း ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် နိုင်ငံတော်၏ ကြီးကြပ်မှုကို ခံယူ၍ ဆောင်ရွက်သွားနိုင်ရန်နှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် လိုအပ်နေသည့် မိုဘိုင်းလ်ဖုန်းများကို တိုးချဲ့တပ်ဆင်သွားနိုင်ရန်အတွက် နိုင်ငံတော်က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ပူးပေါင်းလုပ်ဆောင်သွားနိုင်ရန် ရည်ရွယ်ထားကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ခြင်းသည် ASEAN Frame Work တွင်ပါသော P.P.P ဆိုသည့် (Public Private Partnership) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်း ဆောင်ရွက်ခြင်းကို အကောင်အထည်ဖော်ခြင်းပင် ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ဖြစ်၍ သင်တန်းသား၊ သင်တန်းသူ ၁၀၆ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ကဆုန်လပြည့်ဗုဒ္ဓနေ့** တရားတော် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၄)
- ၈:၄၅ **လမြတ်ကဆုန်**
- ၉:၀၀ ယဉ်ကျေးလိမ္မာမှုတို့ မွေးဖွားပေးမှာ ယဉ်ကျေးလိမ္မာသင်တန်းပါ
- ၉:၁၅ သာသနာပြုနယ်လှည့်ဓမ္မကထိက အရှင်ဝိသိဋ္ဌဉာဏ၏ ဝိဇာတမွေးနေ့ မင်္ဂလာနှင့် သိက္ခာထပ်မင်္ဂလာ အခမ်းအနား
- ၉:၂၅ Activities in the City (Shine သွားတိုက်ဆေးမှ ကံထူးရှင်ရွေးချယ်ပွဲ)
- ၉:၄၀ Cartoon Show Time (All Dogs go to Heaven)
- ၁၀:၂၅ အနာဂတ်အတွက်လမ်းပြမီးအိမ်
- ၁၀:၃၅ Celebrity Style (ရန်ရန်ချမ်းနှင့် ချီလီ)
- ၁၁:၀၅ သင်ကြားရေးလမ်းညွှန် (Beller Life Education & Career Supporting Center)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ ရန်ကုန်မြင်ကွင်းကျယ် Mother Day Singing Contest
- ၁၂:၂၀ လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာဝိသာခါ
- ၁၂:၄၀ အလိုတော်ပြည့်၍ ဘေးကင်း ရန်ကွာလာဘ်မိုးစွေရွာ
- ၁:၀၀ **ကဆုန်လပြည့်ဗုဒ္ဓနေ့** တရားတော် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တဇနကာဘိဝံ(ချမ်းမြေ့ဆရာတော်)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ လားရှိုးမြို့ ပညာအလင်းရောင် နေခြည်ကျောင်းရဲ့ (၁၀) နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်ပွဲ
- ၃:၀၀ Napa အကိုက်အခဲပျောက်ဆေး ကြော်ငြာရိုက်ကွင်းအမှတ်တရ
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆)
- ၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၄)
- ၅:၀၀ ရတနာကိုးသွယ်စီကာသခြယ်
- ၅:၂၀ The Champion of Dance
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Singapore Day (Orchard Road & MRT)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇)
- ၇:၂၀ Celebrity Choices (ဇော်ပိုင်)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ဆီဖြစ်လာမည့်နှမ်းလုံးများ
- ၈:၄၀ ဗန်ကောက်မြို့ရဲ့အလှတရားများ
- ၉:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၅)
- ၁၀:၁၅ အနုပညာမိုးကောင်းကင်
- ၁၀:၄၀ မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
- ၁၀:၅၅ **စာအုပ်ပြခန်း** သံတမန်သုံးအင်္ဂလိပ်စကား (စာအုပ်ရေးသားသူဆရာရွှေမင်းဝန် ဦးဘုန်းမြင့်)
- ၁၁:၁၅ **နတ်လူသာစုခေါ်စေသော်** ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးဇော (ဒါရိုက်တာ-သော်ကိုကိုကျော်)
- ၁၁:၃၅ World of Knowledge (Engineering Connections: Hong Kong's Ocean Airport)
- ၁၂:၂၀ တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
- ၁၂:၃၅ Celebrity Profile (မြို့ရွှေမန်းသားဖိုးချစ်နှင့် တွေ့ဆုံခြင်း)
- ၁:၀၀ ရှောင်လေဝေးဝေးအရက်ဘေး
- ၁:၂၀ Shooting Location (မြခွာညိုငှက်အိမ်)
- ၁:၃၅ အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှစက်မှု(၁)၏ ကြွေပြားအလှ
- ၁:၅၅ နယ်ဥဆန်းထွင်သစ်သီးအလှဆင် (အကြော်ပွဲအလှဆင်နည်း)
- ၂:၁၅ ခရီးတစ်ထောက်နားခိုစရာ
- ၂:၂၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (ငါးကန်အလှဆင်ခြင်း)
- ၂:၅၀ ယွန်းဖြစ်တည်ရာကျောက္ကာရွာ
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ ဒို့တိုင်းဌာနီဧရာဝတီ (ပုသိမ်၊ မြောင်းမြဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းများ)
- ၄:၂၅ **ဘယ်သူ့ကိုအချစ်ဆုံးလဲ** တေဇ၊ ခိုင်ပွင့်၊ မင်းသူ၊ ထွန်းထွန်းအောင်၊ ချမ်းသာ [ဒါရိုက်တာ-သုတ (မော်ကွန်း)]
- ၄:၄၀ အံ့ဖွယ်ထင်ရှား ကျိုက္ခမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၁၀	Man City - Stoke City	ESPN (Live)

မေ ၁၄ ရက်က ရန်ကုန်မြို့ တောင်ဥက္ကလာပ မြို့နယ်နေ ဦးတင်စိန် (ထောင်ပိုင်-ငြိမ်း)၏ အသက် (၇၉)နှစ်ပြည့် မွေးနေ့တွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းကြစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

နိုင်ငံတကာဂီတ

အဆိုတော်ဘီယွန်းစီ နံပါတ် 4 အမည်ရှိ တေးအယ်လ်ဘမ်သစ်ထွက်မည်

နယူးယောက် မေ ၁၆

ဆယ်စုနှစ်အတွင်း အောင်မြင်မှုအရှိဆုံး အဆိုတော် တစ်ဦးဖြစ်သည့် ဘီယွန်းစီက နံပါတ် 4 ဟု အမည်ပေးထားသော ၎င်း၏ စတုတ္ထမြောက် တစ်ကိုယ်တော် တေးအယ်လ်ဘမ်သစ် ထွက်ရှိလာတော့မည်ဖြစ်ကြောင်း ပရိသတ်များအား ပြောကြားလိုက်သည်။ **(အပေါ်ပုံ)**

ပရိသတ်များက တွေ့သည့်နေရာအတော်များများမှာ မိမိအား နံပါတ် 4 ဟု ခေါ်ဆိုနေကြပြီဖြစ်ကြောင်း၊ ပရိသတ်များကလည်း နံပါတ် 4 ဟု အမည်ပေးထားသည့် တေးအယ်လ်ဘမ်အမည်ကို ကြိုက်နှစ်သက်လိမ့်မည်ဟု ယုံကြည်မိကြောင်း အမေရိကန်နာမည်ကျော် အဆိုတော် ဘီယွန်းစီက ပြောကြားသည်။ အဆိုပါ နံပါတ် 4 ဂဏန်းသည် အဆိုတော်ဘီယွန်းစီ၏ ဘဝ အတွက် ထူးခြားနေသည်။

ထူးခြား

မိမိအတွက် နံပါတ် 4 သည် ထူးခြားသည့် ဂဏန်းဖြစ်ကြောင်း ဘီယွန်းစီက ဆက်လက်ပြောကြားသည်။ ထိုနံပါတ် 4 ဂဏန်းသည် မိမိ၏ မွေးနေ့၊မိမိအမေ၏မွေးနေ့၊ သူငယ်ချင်းများ၏မွေးနေ့နှင့် မိမိအိမ်ထောင်ပြုသည့်နေ့ပင်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ဘီယွန်းစီသည် အထက်ဖော်ပြပါ ထူးခြားသည့်နေ့လေးနေ့နှင့် စပ်လျဉ်းပြီး သီချင်းလေးပုဒ်တေးအယ်လ်ဘမ်သစ်တွင် ထည့်သွင်းသီဆိုထားသည်။၎င်းတေးအယ်လ်ဘမ်သစ်သည် လာမည့် ဇွန်လတွင် ထွက်ရှိလာမည်ဟု ဆိုသည်။ ၂၀၀၈ ခုနှစ်က "I Am...Sasha Fierce" အမည်ရှိ တေးအယ်လ်ဘမ် ထွက်ပြီးနောက် ပထမဆုံးထွက်ရှိမည့် အယ်လ်ဘမ်ဖြစ်သည်။ **(အင်တာနက်)**

ယူရိုဗစ်ရှင်း သီချင်းဆိုပြိုင်ပွဲ အဇာဘိုင်ဂျန် အဆိုတော်များဆုဆွတ်ခူး

မြင့်မောင်စိုး စုစည်းသည်

မြူးနစ် မေ ၁၆

ဂျာမနီနိုင်ငံ ဆက်ဆဲလ်ဒေ့ါဖ်မြို့မှာ ပြီးခဲ့တဲ့ မေ ၁၄ရက်က ယူရိုဗစ်ရှင်း သီချင်းဆိုပြိုင်ပွဲ (Eurovision Song Contest) ကျင်းပခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ အဇာဘိုင်ဂျန်နိုင်ငံမှ အဆိုတော်များ အကောင်းဆုံးဆုရရှိခဲ့ကြပါတယ်။(ယာပုံ)

ဆွတ်ခူး

ဒီသီချင်းပြိုင်ပွဲမှာ အဇာဘိုင်ဂျန် အဆိုတော်များ ဖြစ်ကြတဲ့ အီဒါ ဂါစီမော့ဗ်နဲ့ နီဂါဂျာမယ်တို့ဟာ Running Scared လို့ အမည်ရတဲ့ ပေ့ါပ် အချစ်သီချင်းနဲ့ ယခုနှစ်အတွက် ယူရိုဗစ်ရှင်းဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ ရမှတ် ၂၂၁မှတ်နဲ့ ဒီဆုကို ဆွတ်ခူးသွားခဲ့ကြတာဖြစ်ပါတယ်။

အဇာဘိုင်ဂျန်နိုင်ငံဟာ ယူရိုဗစ်ရှင်း သီချင်းဆိုပြိုင်ပွဲ ၅၆ နှစ်တာအတွင်းမှာ ပထမဆုံးဒီဆုကို ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် အဇာဘိုင်ဂျန်နိုင်ငံဟာ ၂၀၀၈ ခုနှစ်မှ စတင်ပြီး ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ အဇာဘိုင်ဂျန်တို့ ဒီသီချင်းပြိုင်ပွဲမှာ ဆုရခဲ့တဲ့အတွက် လာမည့်နှစ် ယူရိုဗစ်ရှင်း သီချင်းဆို ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရမှာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ ကမ္ဘာမှာ အပျော်ဆုံး လူသားတစ်ယောက်ပါလို့ အသက် ၂၂ နှစ်သာရှိသေးတဲ့ အဇာဘိုင်ဂျန် အမျိုးသား အဆိုတော် ဂါစီမော့ဗ်က သုံးသောင်းခြောက်ထောင်သော ပရိသတ်ကြီးကို ပြောကြားလိုက်ပါတယ်။

မယုံကြည်နိုင်စရာ

ကျွန်မတို့ မယုံကြည်နိုင်လောက် အောင်ပါပဲ။မယုံကြည်နိုင်စရာအိပ်မက်ဟာ တကယ်ဖြစ်လာတာပါပဲလို့ အသက် ၃၀အရွယ်ရှိပြီဖြစ်တဲ့ အဇာဘိုင်ဂျန် အမျိုးသမီး အဆိုတော် နီဂါဂျာမယ်က ဆုရပြီးနောက် ပြောပါတယ်။ ကျွန်မဟာ ကလေးနှစ်ယောက်မိခင် အိမ်ရှင်မ တစ်ယောက်ပါ။ ဘယ်တော့မှ အဆိုတော် ဖြစ်လာမယ်လို့ မမျှော်လင့်ခဲ့ပါဘူးလို့လည်း သူမက ဆိုပါတယ်။ သူမဟာ ကလေးနှစ်ယောက်ရဲ့ မိခင်ဖြစ်သလို နိုင်ငံတကာဆက်ဆံရေး ကျောင်းသူတစ်ဦးလည်း ဖြစ်ပါတယ်။

အဇာဘိုင်ဂျန် အဆိုတော်များဟာ ယူရိုဗစ်ရှင်းဆုကို ပြီးခဲ့တဲ့နှစ်က ဗိုလ်စွဲသွားတဲ့ အသက် ၁၉ နှစ်အရွယ်ရှိ ဂျာမနီအဆိုတော် လီနာမီယာလန်ဒရပ်ထံမှ ဆုလက်ခံရယူခဲ့ပါတယ်။

ဒီယူရိုဗစ်ရှင်း သီချင်းဆိုပြိုင်ပွဲမှာ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ အဆိုတော်များ ပါဝင်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ ပြိုင်ပွဲမှာ အီတလီ အဆိုတော် ရာဖေးလ် ဂူလက်ဇီးက Madness Of Love ဆိုတဲ့သီချင်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ရမှတ် ၁၈၉ မှတ်ရပြီး ဒုတိယရခဲ့ပါတယ်။ ဆွီဒင် အဆိုတော် အဲရစ်ဆာဒီက Popular လို့အမည်ရတဲ့ ပေ့ါပ်သီချင်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရမှတ် ၁၈၅ မှတ်နဲ့ တတိယဆုရရှိခဲ့ပါတယ်။

ရွေးချယ်

ယူရိုဗစ်ရှင်းသီချင်းပြိုင်ပွဲကို ၁၉၅၁ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလျက်ရှိပြီး ကမ္ဘာတစ်ဝန်း စောင့်ကြည့်သူ သန်း ၁၂၀ ကျော် ရှိပါတယ်။ ဒီပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်တဲ့ နိုင်ငံပေါင်း ၄၃ နိုင်ငံမှ ကြည့်ရှုကြသူများက ရမှတ် ၅၀ ရာခိုင်နှုန်းကို ဖုန်းနဲ့ဆန္ဒမဲပေးရွေးချယ်ကြပါတယ်။ ကျန်တဲ့ ၅၀ ရာခိုင်နှုန်းကိုတော့ နိုင်ငံအသီးသီးက ရွေးချယ်တင်မြှောက်ထားတဲ့ ဒိုင်အဖွဲ့က အမှတ်ပေးပြီး ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ယူရိုဗစ်ရှင်း သီချင်းပြိုင်ပွဲအတွက် အကြိုဗိုလ်လုပွဲနှစ်ကျော့ကို လွန်ခဲ့တဲ့ သီတင်းပတ်က ယှဉ်ပြိုင်ခဲ့ပြီး နောက်ဆုံး ၂၅ယောက်ကို ဆန်ခါတင် ရွေးချယ်ကာ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်စေခဲ့တာ ဖြစ်ပါတယ်။

ကိုးကား-အင်တာနက်

နိုင်ငံတကာရုပ်ရှင်

■ ကျောဖုံးမှ

ကိန်းစ်ရုပ်ရှင်ပွဲတော်ဖွင့်ပွဲနေ့က ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးဆရာ ဝူဒီအယ်လန်ရိုက်ကူးထားသည့် အမေရိကန်ရုပ်ရှင် Midnight in Paris ဇာတ်ကားဖြင့် ဖွင့်လှစ်ပြသခဲ့သည်။ ပိတ်ပွဲနေ့တွင် ဒါရိုက်တာ ခရစ်စတိုဖီဟိုနိုရီ ရိုက်ကူးထားသည့် The Beloved အမည်ရှိ ပြင်သစ်ဇာတ်ကားပြသမည် ဖြစ်သည်။

ပြသ

ကိန်းစ်ရုပ်ရှင်ပွဲတော်၌ ပြင်သစ်ရုပ်ရှင် ငါးကား၊ စပိန်ရုပ်ရှင်တစ်ကား၊ အစ္စရေးရုပ်ရှင်တစ်ကား၊ တူရကီရုပ်ရှင်တစ်ကား၊ ဘယ်လ်ဂျီယံရုပ်ရှင် တစ်ကား၊ ဖင်လန်ရုပ်ရှင်တစ်ကား၊ ဂျပန်ရုပ်ရှင်နှစ်ကား၊ ဩစတြေးလျရုပ်ရှင်တစ်ကား၊ အမေရိကန်ရုပ်ရှင်နှစ်ကား၊ အီတလီရုပ်ရှင်နှစ်ကား၊ ဗြိတိန်ရုပ်ရှင်တစ်ကား၊ ဩစတြီးယားရုပ်ရှင်တစ်ကားနှင့် ဒိန်းမတ်ရုပ်ရှင်တစ်ကား တို့ကို ရွေးချယ်ကာ ပြသလျက်ရှိသည်။

တရုတ်မင်းသမီး လီပင်းပင်း

ထို့အပြင် ရုပ်ရှင်ဇာတ်ကားတို ကိုးကား၍လည်း ရွေးချယ်ပြသလျက်ရှိရာ ယင်းဇာတ်ကားများမှာ တောင်ကိုရီးယားမှ Ghost ဇာတ်ကား၊ ဘယ်လ်ဂျီယံမှ Swimsuit 46 ဇာတ်ကား၊ အာဂျင်တီးနားမှSoy tan feliz ဇာတ်ကား၊ ဩစတြေးလျမှ Bear ဇာတ်ကား၊ နော်ဝေမှ Cold ဇာတ်ကား၊ နယူးဇီလန်မှ Meathead ဇာတ်ကား၊ ကနေဒါမှ It is Nothing ဇာတ်ကား၊ ဂျပန်မှ Paternal Womb ဇာတ်ကားနှင့်ပြင်သစ်မှ Cross ဇာတ်ကား တို့ဖြစ်ကြသည်။

အက်ထရစ်ဘာဂစ်ဖရစ်ဘေး

မေ ၁၆ ရက်အထိ ပြသပြီး ဇာတ်ကားများအနက် ဆုများရရှိနိုင်သည်ဟု ခန့်မှန်းထားသောဇာတ်ကားအမည် များမှာ စပိန်ဇာတ်ကား The Skin၊ Live in၊ အစ္စရေး ဇာတ်ကား Footnote၊ ပြင်သစ်ဇာတ်ကား The Artist၊ အမေရိကန်ဇာတ်ကားနှစ်ကားဖြစ်သည့် The Tree of Life နှင့် We Need to Talk About Kevin ဇာတ်ကားတို့ ဖြစ်ကြသည်။

ကမ္ဘာ့အဆင့်မီ

(၆၄)ကြိမ်မြောက် ကိန်းစ်ရုပ်ရှင်ပွဲတော်သို့ တက်ရောက်လာသော အမေရိကန်ရုပ်ရှင်မင်းသမီး အင်ဂျလီနာဂျိုလီအား ယခုရုပ်ရှင်ပွဲတော်၌ ဆုများရရှိနိုင်မှုအခြေအနေကို သတင်းထောက်များက မေးမြန်းခဲ့ရာ **"ကိန်းစ်ရုပ်ရှင်ပွဲတော်မှာ ဆန်ခါတင်ရွေးချယ်ပြသနေတဲ့ ဇာတ်ကားတွေအားလုံး ကမ္ဘာ့အဆင့်မီ ရုပ်ရှင်တွေချည်းပါပဲ။ ပါဝင်သရုပ်ဆောင်သူတွေရော၊ ဒါရိုက်တာတွေပါ တကယ်တော်ကြသူတွေပါ။ သူတို့တွေအားလုံးကြိုးစားထားကြတာဆိုတော့ ဘယ်သူတွေဆုရရှိမလဲဆိုတာ ခန့်မှန်းရတော့ခက်ပါတယ်"**ဟု ဖြေကြားသွားသည်။ ထို့အတူ ကိန်းစ်ရုပ်ရှင်ပွဲတော်သို့ ဖိတ်ကြားခံရပြီး တက်ရောက်လာသော တရုတ်ရုပ်ရှင်မင်းသမီး လီပင်းပင်းကို သတင်းထောက်များက မေးမြန်းခဲ့ရာ **"ယခု ကိန်းစ်ရုပ်ရှင်ပွဲတော်မှာ ရွေးချယ်ပြသနေတဲ့ ဇာတ်ကားတွေထဲမှာ တရုတ်ရုပ်ရှင်တစ်ကားမှတော့မပါဘူး၊ ဒါပေမယ့် ဒီပွဲတော်မှာ ရွေးချယ်ခံရတဲ့ ဇာတ်ကားဟာ အကောင်းဆုံးထဲက အာဘက်ဘက် ပြည့်စုံ ကောင်းမွန်မှုအရှိဆုံးဇာတ်ကားဖြစ်မှာပါ။ အစ္စရေးရုပ်ရှင်ဇာတ်ကားရရှိလိမ့်မယ်လို့ ထင်ကြေးတွေပေးနေကြတယ်။ အဲဒီဇာတ်ကားကိုကြည့်တဲ့အခါ တကယ်လည်းကောင်းမွန်တဲ့ ဇာတ်ကားလို့ထင်ပါတယ်"**ဟု ဖြေကြားသွားသည်။

မျှော်မှန်းနိုင်

တစ်ဖန်ကိန်းစ်ရုပ်ရှင်ပွဲတော်၌ ပါဝင်ဆင်နွှဲနေသော ပြင်သစ်ရုပ်ရှင်မင်းသမီး အက်ထရစ်ဘာဂစ်ဖရစ်ဘေးကိုလည်း သတင်းထောက်များက တွေ့ဆုံမေးမြန်းခဲ့ရာ **"ဆုရွေးချယ်မှုနဲ့ပတ်သက်ပြီး ပြောဆိုကြတဲ့စကားတွေ အမျိုးမျိုးထွက်ပေါ်နေကြတယ်။ မမျှော်မှန်းနိုင်တဲ့ ဆုရွေးချယ်မှုပါပဲ။ တကယ်ရတဲ့သူတွေအတွက်တော့ အိပ်မက်ထဲကဆုကို လက်တွေ့မှာရရှိတယ်လို့ စိတ်ထဲခံစားပျော်ရွှင်ကြရမှာပါ"**

ဟောလိဝုဒ် မင်းသမီး ဂျိုလီ

ဟုဖြေကြားသွားသည်။ ကိန်းစ်ရုပ်ရှင်ပွဲတော်ကား ဆဋ္ဌမမြောက်နေ့အဖြစ် ဆက်လက် ကျင်းပနေဆဲဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

(ဆက်လက်ဖော်ပြပါမည်)

အာရှပစိဖိတ်ဒေသဆိုင်ရာ ရုပ်ရှင်ဇာတ်ကားတိုပြိုင်ပွဲ ကျင်းပမည်

စင်ကာပူ မေ ၁၆

အာရှပစိဖိတ်ဒေသဆိုင်ရာရုပ်ရှင်ဇာတ်ကားတိုပြိုင်ပွဲကို စင်ကာပူရုပ်ရှင်ပွဲတော်ကျင်းပရေးအဖွဲ့မှ ကြီးမှူးပြီး လာမည့် ဇွန် ၅ ရက်မှ ၁၂ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပမည်ဖြစ်ကြောင်း ၎င်းအဖွဲ့က မေ ၁၆ ရက်၌ သတင်းထုတ်ပြန်သည်။

၎င်းပြိုင်ပွဲသို့ အာရှပစိဖိတ်ဒေသနိုင်ငံပေါင်း ၁၅ နိုင်ငံမှ ရုပ်ရှင်ဇာတ်ကားတိုပေါင်း ၉၀ ခန့် ပါဝင်ဆင်နွှဲရန် လက်ခံရရှိထားပြီဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံများမှာ စင်ကာပူ၊ မလေးရှား၊ ဂျပန်၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဩစတြေးလျ၊ အိန္ဒိယ၊ အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ နယူးဇီလန်၊ အင်ဒိုနီးရှား၊ တရုတ် စသည့်နိုင်ငံများ ဖြစ်ကြသည်။

ယခုပွဲတော်ကို ကျင်းပရခြင်းမှာ မျိုးဆက်သစ်ရုပ်ရှင်ရိုက်ကူးထုတ်လုပ်သူများ ပေါ်ထွက်လာစေရန်နှင့် အာရှရုပ်ရှင် လောက ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်ဖြစ်ကြောင်း သတင်း၌ဖော်ပြထားသည်။

ပြိုင်ပွဲဝင်မည့် ရုပ်ရှင်ဇာတ်ကားတိုများမှာ ၂၀၁၀ ခုနှစ် ဇန်နဝါရီလ နောက်ပိုင်း ပြသချိန် ၁၀ မိနစ်ခန့်သာ ကြာမြင့်သည့် ရုပ်ရှင်ဇာတ်ကားတိုများဖြစ်ကြသည်။ ဆုရရှိသည့် ရုပ်ရှင်ဇာတ်ကားတိုကို စင်ကာပူဒေါ်လာ ၂၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၅၈၀၀) ချီးမြှင့်မည်ဖြစ်သည်။ **(အင်တာနက်)**

အေဂျက်စ်အသင်း အက်ဖ်စီတွမ်တီးကိုအနိုင်ယူ ယခုနှစ်ဘောလုံးရာသီ၌ ဒတ်ချ်လိဂ်ဖလားဆွတ်ခူး

မောင်ချစ်ကြည် စုစည်းသည်

အမ်စတာဒမ် မေ ၁၆

ဒတ်ချ်လိဂ်ဘောလုံးပြိုင်ပွဲအဖြစ် မေ ၁၅ ရက်က အေဂျက်စ်နှင့် အက်ဖ်စီတွမ်တီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ အေဂျက်စ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဒတ်ချ်လိဂ်ဖလားကို ဆွတ်ခူးရရှိသွားပြီဖြစ်သည်။

သွင်းယူပေး

အေဂျက်စ်အတွက်ဂိုးများကို ဒီဂျွန်က ပွဲချိန် ၂၃မိနစ်နှင့် ၇၈မိနစ်တို့၌ တစ်ဦးတည်းနှစ်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် ၄၆ မိနစ်၌ အက်ဖ်စီတွမ်တီးအသင်းမှ လန်ဇက်က ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားခဲ့သဖြင့် အေဂျက်စ်တို့ လက်ဆောင်ဂိုး ရရှိခဲ့ပြီး သုံးဂိုးရရှိခဲ့ခြင်းဖြစ်သည်။ အက်ဖ်စီတွမ်တီးအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၄၇ မိနစ်၌ ဂျန်ဆင်က သွင်းယူပေးခဲ့ရာမှ အေဂျက်စ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။

ရယူနိုင်ခဲ့

ယခုပွဲ၌ အေဂျက်စ်တို့အနိုင်ရရှိပြီး ဒတ်ချ်လိဂ်ဖလားဆွတ်ခူးနိုင်ခြင်းသည် ၂၀၀၄ခုနှစ်က ယင်းဖလားရရှိပြီး နောက်ပိုင်း ခုနစ်နှစ်ကြာမှ ဖလားပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

ထို့အတူ မေ ၁၅ ရက်သည် အေဂျက်စ်နည်းပြ ဖရန့်ဒီဘော၏ ၄၁နှစ်ပြည့်သော မွေးနေ့နှင့်တိုက်ဆိုင်ခဲ့သည့်အတွက် နည်းပြ၏မွေးနေ့လက်ဆောင်လည်းဖြစ်ခဲ့သည်။ အေဂျက်စ်အသင်း ယခုနှစ်ဘောလုံးရာသီ၌ ဒတ်ချ်လိဂ်ဖလား ရရှိခဲ့သည့်အတွက် နောက်နှစ်ဘောလုံးရာသီ၌ ချန်ပီယံလိဂ်ဝင်ခွင့်လည်း ရရှိခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

မြို့တော်ဂျကာတာ၌ အက်ဖ်အေဖလား ပြသမည်



ဂျကာတာ မေ ၁၆

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်၏ အက်ဖ်အေဖလား(**ဝဲပုံ**)ကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်သို့ လာမည့်ဇွန်လ၌ သယ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားပြည်သူများ လေ့လာကြည့်ရှုခွင့်ရရှိမည်ဖြစ်ကြောင်း ယင်းအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက မေ ၁၆ ရက်၌ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာ တည်ထောင်သည့် နှစ်ပေါင်း (၄၈၄) နှစ်မြောက် အထိမ်းအမှတ်ပွဲကျင်းပရာတွင် အင်္ဂလန်ဘောလုံးအသင်း အမှတ်အသားတစ်ခုဖြစ်သည့် အက်ဖ်အေဖလားကို ပြသခြင်းပင်ဖြစ်သည်။

အက်ဖ်အေဖလားသည် ကမ္ဘာ့ဘောလုံးသမိုင်းတွင် သက်တမ်း အရှည်ဆုံးဖလားဖြစ်ရာ သုံးရက်ကြာ ကျင်းပမည့် ၎င်းအထိမ်းအမှတ်ပွဲ၌ ကဏ္ဍစုံခင်းကျင်းပြသမှုအတွက် ၎င်းဖလားကို သယ်ဆောင်ပြသခြင်း ဖြစ်သည်။ **(အင်တာနက်)**

ရီးရဲမက်ဒရစ်တို့နိုင်ပွဲရ ဘာစီလိုနာတို့သရေပွဲဖြစ်

မက်ဒရစ် မေ ၁၆

စပိန်လာလီဂါပွဲစဉ်များကို မေ ၁၆ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဗီလာရီးရဲနှင့် ရီးရဲမက်ဒရစ်တို့ပွဲတွင် ရီးရဲမက်ဒရစ်က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သော်လည်း ဘာစီလိုနာနှင့်ဒီပို့တီဗိုတို့ပွဲ၌ ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။

သုံးဂိုးရရှိ

ဗီလာရီးရဲနှင့်ရီးရဲမက်ဒရစ်တို့ပွဲတွင် ရီးရဲမက်ဒရစ်အတွက်ဂိုးများကို ၁၇ မိနစ်၌ မာဆယ်လိုကတစ်ဂိုး၊ စီရိုနယ်ဒိုက ၂၂ မိနစ်၊ ၉၃ မိနစ်တို့၌ တစ်ဦးတည်းနှစ်ဂိုးသွင်းယူခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ သုံးဂိုးရရှိခဲ့ခြင်းဖြစ်သည်။

နိုင်ပွဲရ

ဗီလာရီးရဲအတွက် ချေပဂိုးတစ်ဂိုးကို ၅၁မိနစ်၌ ကာနီကသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ရီးရဲမက်ဒရစ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။

ဘာစီလိုနာနှင့်ဒီပို့တီဗိုတို့ပွဲတွင် ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး အဆုံးသတ်ဂိုးမသွင်းနိုင်ခဲ့သဖြင့် ဂိုးမရှိသရေဖြစ်ခဲ့သည်။ **(အင်တာနက်)**

လန်ဒန် မေ ၁၆

ဆန်းဒါးလန်းအသင်းသည် အင်တာမီလန်အသင်းမှ အငှားစာချုပ်ဖြင့် လာရောက်ကစားနေသော ကွင်းလယ်ကစားသမား မွန်တာရီ** (အပေါ်ပုံ) **အား စာချုပ်သက်တမ်း ကုန်ဆုံးပါက အင်တာမီလန်သို့ ပြန်လည်ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း မေ ၁၆ ရက်၌ ယင်းအသင်း တာဝန်ရှိသူများက ပြောကြားသည်။

အသက် ၂၆ နှစ်အရွယ်ရှိ မွန်တာရီသည် ပြီးခဲ့သည့် ဇန်နဝါရီလက အငှားစာချုပ်ဖြင့် အင်တာမီလန်မှ ဆန်းဒါးလန်းအသင်းသို့ လာရောက်ကစားနေသူဖြစ်သည်။ ဆန်းဒါးလန်းအသင်းက အစောပိုင်း၌ မွန်တာရီအား အပြီးခေါ်ယူ စာချုပ်ရန် စီစဉ်ပြီးနောက် ဒဏ်ရာများရရှိနေသည့်အတွက် ၎င်းအား မိခင်အသင်းသို့သာ ပြန်လည်ကစားခွင့်ပြုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ပေါ်တူဂီ ဂိုးသွင်းစက် စီရိုနယ်ဒို လာလီဂါတွင် ဂိုးစံချိန်တင်သွင်းယူ

မက်ဒရစ် မေ ၁၆

ပေါ်တူဂီ ဂိုးသွင်းစက်ဟု ခေါ်ဝေါ်ခံနေရသည့် စီရိုနယ်ဒိုသည် မေ ၁၆ ရက် နံနက်ပိုင်းက ရီးရဲမက်ဒရစ်နှင့် ဗီလာရီးရဲတို့ စပိန်လာလီဂါပွဲစဉ် (၃၇)အဖြစ် ယှဉ်ပြိုင်ကစားစဉ် နှစ်ဂိုးသွင်းယူခဲ့သဖြင့် စပိန်လာလီဂါ သမိုင်းတွင် ဂိုးအများဆုံး သွင်းယူနိုင်သူ ဖြစ်လာသည်။ (အောက်ပုံ)

ယင်းပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်က ဗီလာရီးရဲအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ စီရိုနယ်ဒိုသည် ယင်းပြိုင်ပွဲ၌ ပွဲချိန် ၂၂ မိနစ်နှင့် ပွဲပြီးရန် တစ်မိနစ်အလိုတွင် ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လွန်ခဲ့သော စပိန်လာလီဂါပြိုင်ပွဲသုံးပွဲတွင် ကိုးဂိုး သွင်းယူပေးနိုင်ခဲ့သည်။ သူသည် ယခုနှစ် စပိန်လာလီဂါ ဘောလုံးရာသီတွင် ဂိုးအများဆုံး သွင်းသည့်ဆု ဆွတ်ခူးလိမ့်မည်ဖြစ်သည်။ ပွဲစဉ်(၃၇) အပြီး စုစုပေါင်း ၃၈ဂိုး သွင်းယူထားသည်။ ဘာစီလိုနာ တိုက်စစ်မှူးမက်ဆီက ယခုနှစ်စပိန်လာလီဂါတွင် စုစုပေါင်း ၃၁ ဂိုးသာ သွင်းယူထားသည်။

စီရိုနယ်ဒို၏ ဂိုးအများဆုံး စံချိန်သည် ၁၉၅၁ ခုနှစ်က အက်သလက်တီကို ကစားသမား ပီလ်မိုဇာရာ တင်ထားသည့် စံချိန်ကို ချိုးနိုင်ခဲ့သည်။ **(အင်တာနက်)**

ဝက်စ်ဟမ်းအသင်းနည်းပြ ဂရန့် ထုတ်ပယ်ခံရ

ကောင်းမြတ်သူ စုစည်းသည်



ဝက်စ်ဟမ်းအသင်း နည်းပြ အေဗရာဂရန့်။

လန်ဒန် မေ ၁၆

ပရီမီယာလိဂ်ပွဲစဉ် (၃၇)ပြိုင်ပွဲများကို မေ ၁၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဝက်စ်ဟမ်းအသင်းက ဝီဂန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ယင်းပြိုင်ပွဲအပြီး နည်းပြအေဗရာဂရန့်အား ဝက်စ်ဟမ်းအသင်းက ရာထူးမှ ထုတ်ပယ်လိုက်သည်။ ထိုနေ့က ဝက်စ်ဟမ်းအသင်းသည် ဝီဂန်အသင်းကို နှစ်ဂိုးဦးဆောင်ဂိုးသွင်းယူပြီးမှ ဝီဂန်အသင်းက သုံးဂိုးပြန်သွင်းယူခဲ့သည်။ ပြိုင်ပွဲအပြီး ဝက်စ်ဟမ်းအသင်းသည်လည်း တန်းဆင်းခဲ့ရသည်။

အစ္စရေးနိုင်ငံသား ဂရန့်သည် ထိုသို့အလုပ်ဖြုတ်ခံရသဖြင့် သူ၏ နည်းပြသက်တမ်း နှစ် ၄၀ အတွင်း ဝမ်းနည်းဖွယ်ရာ အကောင်းဆုံးနေ့ဖြစ်ခဲ့သည်ဟု ၎င်းက ဆိုသည်။ ဝက်စ်ဟမ်းအသင်းသည် လာမည့် သီတင်းပတ် မေ ၂၂ ရက်တွင် ဆန်းဒါးလန်းအသင်းနှင့် ပရီမီယာလိဂ်နောက်ဆုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် လက်ထောက် နည်းပြ ကီဗင်ကန်းကနည်းပြအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ *(အင်တာနက်)*

ယူရိုပါလိဂ်ဝင်ခွင့်ရခဲ့ရာ စပါးအသင်း ဝေဘျာ

လန်ဒန် မေ ၁၆

ပရီမီယာလိဂ်ပွဲစဉ် (၃၇) ဘောလုံးပြိုင်ပွဲများကို မေ ၁၅ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ တော့တင်ဟမ်ဟော့စပါးအသင်းက ပြိုင်ဘက် လီဗာပူးကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ယူရိုပါလိဂ်ခြေစစ်ပွဲ ဝင်ခွင့်ရရှိသွားပြီဖြစ်သည်။ ***(ယာပုံ)***

စပါးက လီဗာပူးကို အနိုင်ရခဲ့ခြင်းမှာ လီဗာပူးနည်းပြ ကင်နီဒဲလ်ဂလစ် အမြဲတမ်းနည်းပြအဖြစ် သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့ပြီး တစ်ရက်အကြာတွင် အနိုင်ရလိုက်ခြင်း ဖြစ်သည်။

ရောက်ရှိသွား

စပါးအသင်းအတွက် အနိုင်ဂိုးများကို ဗန်ဒါဘတ်နှင့် လူကာမိုဒရစ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ စပါးတို့ ယင်းသို့ နိုင်ပွဲရပြီးနောက် ပရီမီယာလိဂ် အမှတ်ပေးဇယား အဆင့် ၅ နေရာသို့ ရောက်ရှိသွားခဲ့သည်။ လီဗာပူးအသင်းသည် ယင်းရှုံးပွဲကြောင့် ငါးပွဲဆက်တိုက်ရှုံးပွဲမရှိ စံချိန်မှာ အဆုံးသတ်ခဲ့ရသည်။

စပါးအသင်းသည် လာမည့်သီတင်းပတ်တွင် ပရီမီယာလိဂ် နောက်ဆုံးပွဲစဉ်အဖြစ် ဘာမင်ဂမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

(အင်တာနက်)

ဖိတ်ကြားအပ်ပါသည်

၁၉၇၅-၁၉၇၉ ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား ကျောင်းသူဟောင်းများမှ ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများ၏ ကျန်းမာရေးဝန်ဆောင်မှုနှင့် လူမှုကူညီရေးလုပ်ငန်းများကို ဆွေးနွေးနိုင်ရန် အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၈ မေလ ၂၀၁၁ ရက်(စနေနေ့)
နေရာ - M3 Food Center (ပိတောက်ခန်းမ)
အချိန် - မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ

တိုက်ခန်းကျယ်ရောင်းမည်

Sqft 2380 တိုက်ခန်းကျယ် MGW တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်။

တိုက်ခန်း(မြေညီထပ်)ငှားမည်

Sqft 3000 တိုက်ခန်းကျယ် (မြေညီထပ်)ငှားမည်။ ၂၄နာရီမီး၊ မရမ်းကုန်းမြို့နယ်။
တိုက်ရိုက်ဆက်သွယ်ရန်-
ဖုန်း-၀၉-၇၃၀၄၇၀၇၀၊ ၀၉-၅၁၂၅၂၅၀။

အမည်မှန်

မုဒုံမြို့နယ်၊ ကမာဝက်တိုက်နယ် (အထက)၊ ကမာဝက်ကျောင်း Grade X အောင်မှ မောင်အောင်ဆန်းဦး၏ အမည်မှန်မှာမောင်စန်းဦး ဖြစ်ပါကြောင်း။ **မောင်စန်းဦး။**

အမည်ပြောင်း

လှည်းကူးမြို့၊ ရဲစခန်းဝင်းနေ ဦးကျော်သူအောင်၏သမီး အထကခွဲ (၁) နဝမတန်း(ဃ)မှ မနန္ဒာကျော်ထက်အား မနှင်းဝတ်ရည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မနှင်းဝတ်ရည်။**

အမည်ပြောင်း

ဦးမြင့်ကျော်၏သမီး စမ်းချောင်းမြို့နယ် အမက(၁၂) ဒုတိယတန်းအောင်မှ မဖြူဖွေးကျော်အား မချမ်းမြသူဟု ပြောင်းလဲခေါ်ပါရန်။ **မချမ်းမြသူ။**

ကြော်ငြာဆိုင်းဘုတ်ကြီးများ ဆိုလာမီးအလင်းရောင် တပ်ဆင်အသုံးပြု

ကမ္ဘာ့အေးဘုရားလမ်း မြေပဒေသာကြော်ငြာဆိုင်းဘုတ်တွင် SANYO ဆိုလာစနစ်တပ်ဆင်အသုံးပြုထားပုံ။

ရန်ကုန် မေ ၁၆

လျှပ်စစ်စွမ်းအင်ရရှိရေးအတွက် ဆိုလာစွမ်းအင်အစားထိုး အသုံးပြုခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသည်။ လက်ရှိအခြေအနေတွင် ကြော်ငြာဆိုင်းဘုတ်ကြီးအချို့၌ ညအလင်းရောင်ရရှိရေးအတွက် ဆိုလာစွမ်းအင်ကို အသုံးပြုလျက်ရှိကြောင်း သိရှိရသည်။

ဆက်သွယ်မေးမြန်း

ရန်ကုန်မြို့ရှိ ကြော်ငြာဆိုင်းဘုတ်များအနက် ကမ္ဘာ့အေးဘုရားလမ်း MDG Co., Ltd. Royal Myanmar Tea mix ကြော်ငြာဆိုင်းဘုတ်တွင် ဆိုလာတပ်ဆင်အသုံးပြုထားသည်ကို တွေ့ရှိရသည်။ တပ်ဆင်ထားသည့် ဆိုလာအမျိုးအစားမှာ OK Myanmar Co., Ltd. မှ Sanyo Solar ဖြစ်ပြီး မီးလုံးများမှာလည်း အရည်အသွေးမြင့် LED မီးလုံးများတပ်ဆင်ထားကြောင်း၊ အလင်းရောင်ရရှိမှု အပေါ်မူတည်၍ အလိုအလျောက်ဖွင့်ပိတ်နိုင်သည့် အချိန်ညှိစနစ် (Timer) တပ်ဆင်ထားသဖြင့် လိုအပ်သည့် အလင်းရောင်ကို ထိရောက်စွာ အသုံးပြုနိုင်ကြောင်း၊ OK Myanmar Co., Ltd. က Sanyo Solar Panel များအား အနှစ် ၂၀အာမခံပေးထားပြီး တပ်ဆင်ထားသည့် အဆင့်မြင့် LED မီးလုံးများအား အာမခံသက်တမ်းနာရီပေါင်း ၃၀၀၀၀ပေးထားကြောင်း၊ ယခုကဲ့သို့ ကြော်ငြာဆိုင်းဘုတ်ကြီးများတွင် ဆိုလာစွမ်းအင် အသုံးပြုခြင်းအားဖြင့် ရေရှည်တွင် ကုန်ကျစရိတ်သက်သာပြီး လျှပ်စစ်စွမ်းအင် လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်သည်ကို တွေ့ရှိရမည် ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက OK Myanmar Co., Ltd. အမှတ် (၉-ဂျီ) MGW Tower ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၆၅၀၁ မှ ၀၆-၃၉၂၉၈၆၊ ၃၉၂၉၈၇တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကြီးကြပ်ဆောင်ရွက်

ကော့သောင်းမြို့နယ်ရှိ လမ်းများ သန့်ရှင်းသာယာရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ဘုရင့်နောင် ကုန်းမြေပတ်လမ်းတွင် မေ ၇ ရက်က အမှိုက်များ သိမ်းဆည်းရှင်းလင်းခြင်းကို အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် ဒုတိယဦးစီးမှူး(သန့်)တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မီးသတ်တပ်ဖွဲ့နေ့ မလှိုင်၌ ကျင်းပ

မလှိုင် မေ ၁၆

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီက မလှိုင်မြို့ မီးသတ်စခန်း၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေက အမှာစကား ပြောကြားသည်။

ချီးမြှင့်

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးအေးသောင်းတို့က လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဆုများချီးမြှင့်ကြကြောင်း သိရှိရသည်။

(၀၈၃)

ရွှေဘို သီးလုံးဆရာတော်ကြီး၏ ကျမ်းစာအုပ်ထွက်ရှိ

ရန်ကုန် မေ ၁၆

လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ကျော်ကာလ မင်းတုန်းမင်းကြီးတို့၏ ကိုးကွယ်ခြင်းကိုခံရသော ရွှေဘိုနယ် သီးလုံးဆရာတော်ကြီးသည် အကျင့်သီလနှင့်ပြည့်စုံရုံမျှမက ပရိယတ်ကျမ်းဂန်စာပေဘက်၌လည်း ကျနသေချာသော တတ်သိတော်မူလှသည့်အပြင် ပဋိပတ်အရာ ဝိပဿနာရှုရာဘက်၌လည်းထင်ရှားသော ဆရာတော်ကြီးဖြစ်သည်။ အထူးအားဖြင့် ဝိပဿနာ သတိပဋ္ဌာန်ဘာဝနာဆိုင်ရာ သီးလုံးဆရာတော်ကြီး၏ အနွယ်အဆက်တို့တွင် မူလမင်းကွန်းဇေတဝန်ဆရာတော်ကြီး၊ တောင်ပုလု တောရဆရာတော်ကြီးနှင့် မဟာစည်ဆရာတော်ကြီးတို့မှာ အထင်အရှား ဖြစ်တော်မူကြသည်။ ဤသို့ ပရိယတ်၊ ပဋိပတ်နှစ်ဌာနတို့၌ ကျွမ်းကျင်နှံ့စပ်သော သီးလုံးဆရာတော်ကြီး၏လက်ရာ ဤဂမ္ဘီရတ္ထဒေသနာကျမ်းစာသည် ပရိယတ်လိုက်စားသော ပုဂ္ဂိုလ်တို့အဖို့ အဖိုးထိုက်အဖိုးတန် စာပေရတနာတစ်ရပ်ဖြစ်သကဲ့သို့၊ ပဋိပတ်ဆိုင်ရာ ယောဂီပုဂ္ဂိုလ်တို့အဖို့မှာလည်း ကမ္မဋ္ဌာနာစရိယ ဆရာတစ်ဆူသဖွယ် နည်းကောင်းလမ်းမှန်ကို ပြသပေးနိုင်သော ကျမ်းစာတစ်ဆူဖြစ်သည်။

ဤကျမ်းကို ၁၉၀၄ ခုနှစ်တွင် ရန်ကုန်မြို့ ကဝိမျက်မှန်ပုံနှိပ်တိုက်က ပထမအကြိမ် လေးပိုင်းခွဲ၍ တစ်ပိုင်းစီ ရိုက်နှိပ်ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် မန္တလေးမြို့ ပဒေသာပုံနှိပ်တိုက်က လေးပိုင်းစလုံးစုပေါင်း၍ ဒုတိယအကြိမ် ရိုက်နှိပ်ခဲ့သည်။ ယခု ၂၀၁၀ ခုနှစ်တွင် သီးလုံးဆရာတော်ကြီးဘဝနတ်ထံပျံလွန်တော်မူသော နှစ် (၁၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ဗုဒ္ဓစာပေအဖွဲ့က တာဝန်ယူ၍ မူလရိုက်နှိပ်ခဲ့ပြီးသော မူနှစ်ရပ်ကို အခြေပြု တည်းဖြတ်ကာ ဆဋ္ဌမူပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာတို့နှင့် နှိုင်းညှိ တိုက်ဆိုင်ပြင်ဆင်၊ အညွှန်းစာမျက်နှာတို့ကိုပါ ထည့်သွင်းလျက် ဖတ်ရှုရသော သူတော်စင်တို့ အသိရှင်းပြီး ထင်လွယ်မြင်လွယ်ကြစေခြင်းအကျိုးငှာ ပါဌ်နေပုဒ်ထားမှအစ ခွဲခြမ်းထားသို စနစ်တကျ စီစဉ်ပြုလုပ်ရိုက်နှိပ်ထားသည်။

ကျေးဇူးရှင် သီးလုံးဆရာတော်ကြီး၏ ဂမ္ဘီရတ္ထဒေသနာ ဤကျမ်းစာကို ရန်ကုန်မြို့ သာသနာရေးဦးစီးဌာန ကျမ်းစာအုပ်အရောင်းဆိုင် ဖုန်း-၀၁-၆၆၀၈၄၃ နှင့် ရွှေတိဂုံစေတီတောင်ဘက်မုခ်ရှိ သစ္စာမဏ္ဍိုင် ပိဋကတ်စာအုပ်ဆိုင် ဖုန်း-၀၁-၃၈၇၈၄၉၊ ၀၁-၃၈၃၅၁၁၊ လိုင်းခွဲ ၁၆၄/၁၈၅ တို့တွင် ဝယ်ယူပူဇော်ရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၁၆

ပန်းစုံတောစာကြည့်တိုက်သစ် တွံတေးမြို့နယ်၌ ဖွင့်

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဂျောင်ဝိုင်းကျေးရွာအုပ်စု ဂျောင်ဝိုင်းကြီးကျေးရွာ ပန်းစုံတောစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းဇော်ဟန်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ ဂျောင်ဝိုင်းကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ဆောက်လုပ်

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက စာအုပ်စာစောင် ၂၀၀၊ ကျေးရွာ စေတနာရှင် အလှူရှင်များက စာအုပ်စာစောင် ၃၀၀ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

စာကြည့်တိုက် အဆောက်အအုံ အမျိုးအစားမှာ အုတ်ညှပ်၊ သွပ်မိုး အမျိုးအစားဖြစ်ပြီး ငွေကျပ် ၃၂ သိန်းကျော် အကုန်ကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာ့ဗိမာန်စာကြည့်တိုက်ဖွင့်

*ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပညာ့ဗိမာန်စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၄ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်ရုံး၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ၊ ပုဇွန်တောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကြည်သန်းနှင့် ဗိုလ်တထောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးတို့က ပညာ့ဗိမာန်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)***

ဖြည့်တင်း

အဆိုပါ စာကြည့်တိုက်တွင် ဂျာနယ်၊ မဂ္ဂဇင်း၊ ဝတ္ထုများအပါအဝင် သုတရသ၊ ဗဟုသုတဆိုင်ရာ စာအုပ်ပေါင်း ၇၆၃၂ အုပ် ဖြည့်တင်းထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေး ကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ခြံအမှတ် ၁၂ နေ
ဟာဂျီဦးခင်မောင်မြင့်(M.D, United Vision Optics & General Trading Co.,)-
(ဟာဂျီမဒေါ်အေးအေးဝင်း) တို့၏သားဦးရတနာ

မောင်ခင်မောင်ဝင်း

Diploma in Logistics & Operations Management
Temasek Polytechnic, Singapore
(Director, United Vision Optics & General Trading Co.,)

နှင့်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၈ လမ်း၊ အမှတ် ၁၆၉၊ မြေညီထပ်နေ
(ဦးအောင်လွင်)-ဒေါ်ခင်တင့် တို့၏သမီးထွေး

မသီတာလွင်

တို့၏ ၁-၄-၂၀၁၁ရက်(သောကြာနေ့)၌ တခြမ်းပွဲဗလီတွင် နိကာဟ်ဖတ်၍ ၁၄-၅-၂၀၁၁ရက်(စနေနေ့)တွင် Sedona Hotel(Grand Ballroom)တွင် ဝလီမာမင်္ဂလာညစာစားပွဲကျင်းပခဲ့ရာတွင် အဘက်ဘက်မှပါဝင်ကူညီခဲ့ကြသော ဖခင်ကြီး ဟာဂျီဦးခင်မောင်မြင့်(M.D, United Vision Optics & General Trading Co.,)အားလည်းကောင်း၊ ဟာဂျီမဒေါ်တင်မြ (ဒိုက်ဦး)၊ ဟာဂျီဦးလှရွှေ(J.V.C)-ဟာဂျီမဒေါ်ခင်သန်း၊ တခြမ်းပွဲဗလီမှ ဂေါပကများ၊ ရှေ့ဆောင်ဆရာများ၊ ဟာဂျီဦးဝင်းနိုင်(နေကြာပန်း စိုက်ပျိုးရေးဆေးဆိုင်၊ ကျောက်ဆည်မြို့)နှင့် ဇနီး၊ ဒေါက်တာကျော်သူသိန်း(ဖူဂျီကြွေပြားနှင့် အသင့်ခင်းပါကေး)နှင့် ဇနီး၊ ဦးအောင်မြတ်ခိုင်(ကာရီဆပ်)နှင့်ဇနီး၊ ဒေါက်တာမြသိန်း(Bio)နှင့်ဇနီး၊ ဟာဂျီဟာဖစ်ဦးခင်မောင်ဝင်း(Rhomberg)နှင့် ဇနီး၊ ဟာဖစ်ဦးအောင်ဝင်းနှင့် ဇနီးတို့အားလည်းကောင်း၊ မျက်စိအထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် မိုးထဲလေထဲအခက်ခဲကြားမှ ကြွရောက်အားပေးချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးအားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးပါသော မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော 7 Picture အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံများကို ဖန်တီးပေးပါသော Forever နှင့် Aroma အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများကို စိတ်တိုင်းကျပုံနှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း၊ ယူနိုက်တက်ဗွီးရှင်းမှ မန်နေဂျာများ၊ ဝန်ထမ်းများအားလည်းကောင်း၊ Sedona Hotel မှ Li Li နှင့် မန်နေဂျာ၊ ဝန်ထမ်းများအားလည်းကောင်း၊ သီးသန့်စားသောက်ဖွယ်ရာများကို စီစဉ်ပေးသော ဟာဂျီဟမ်ဇားဗားဂီယားနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

မောင်ခင်မောင်ဝင်း(Director, United Vision)-မသီတာလွင်။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

သန်လျင်မြို့နေ
ဦးပေါ်အေး[စာရင်းကိုင်(ပ)ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ငြိမ်း]-
ဒေါ်စန်းရီ[စာရင်းကိုင်(ဒု)ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ငြိမ်း] တို့၏သားထွေး

မောင်အောင်ကိုကိုသွင်

B.A(Myanmar), MCSA, CCNA
(System Engineer, DOCOMO inter Touch Pte. Ltd, Singapore)

နှင့်

ရန်ကုန်မြို့နေ
ဦးတင်မြင့်(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြေတိုင်းဦးစီးဌာန)-
ဒေါ်ရင်ရင်မြ(အထက်တန်းပြ၊ ငြိမ်း) တို့၏သမီးလတ်

မဝါဝါဖူး

B.Sc(Physics)(IADCS, UK, MCPD)
(Software Engineer, Oakwell Engineering Ltd, Singapore)

တို့၏ ၁၂-၅-၂၀၁၁ ရက်(ကြာသပတေးနေ့)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒေါ်အေးသန်း(တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး၊ ရန်ကုန်တိုင်းဒေသကြီး)အားလည်းကောင်း၊ ၁၄-၅-၂၀၁၁ ရက်(စနေနေ့)တွင် Sedona Hotel ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးခဲ့သော ဦးတင်ထွန်း ပါမောက္ခချုပ်(ငြိမ်း) ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နှင့် ဇနီး ဒေါ်ခင်ခင်စိန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးခဲ့သော ဦးကျော်မင်းအောင် Ocean Tanker Consultant MD Moe Kyaw Aye International Services Co., Ltd နှင့် ဇနီး ဒေါ်တင်မမ(Chairman, Nancherry Oo Co., Ltd.)တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်အောင်မြင်ရေးအတွက် အစအဆုံးတိုင် လိုက်ပါကူညီပေးခဲ့သော အစ်မကြီး မသဉ္ဇာဦး(Asst, Finance Manager, Myanmar Info-Tech Corp., Ltd.)အားလည်းကောင်း၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးသော မေခင်ဇံအေးကိုနှင့် ပန်းခင်ဇံအေးကို(ပြည်လမ်း၊ TTC)ညီအစ်မနှစ်ဦးအားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးပါသော ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း လှိုက်လှဲစွာအထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ကိုကိုသွင်-မဝါဝါဖူး။

အမည်ပြောင်း

ဦးကျော်လင်းမြတ်၏သား ဖြူးမြို့ အထက(၂) ပဉ္စမတန်း (A) မှ မောင်ထက်အောင်လှိုင်အား မောင်စည်သူပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်စည်သူပိုင်။

ကျေးဇူးဆပ်ပါမည်

မော်တော်ယာဉ်အမှတ် ၉က/၅၆၃၀ အခွန်ကျေပုံစံ(၁) အစိမ်းပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၀၁၆၄၉၃။

မိဘအမည်မှန်

မော်လမြိုင်ကျွန်းမြို့ အမှတ် ၃ရပ်ကွက်၊ မဟာဗန္ဓုလ ၇လမ်း၊ အမှတ် ၂၅ တွင် နေထိုင်သော မစန်းပပအောင် (ခ)မေဇင်ပြုံး၁၄/မမက(ပြ)၀၀၀၀၇၆ ၏မိဘအမည်မှန်မှာ ဦးကျော်အောင်-ဒေါ်ပြုံးပြုံးဖြစ်ပါသည်။

ဧပြီလအတွင်း နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးအမှု ၂၉၉ မှု၊ တရားခံ ၄၅၉ ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် မေ ၁၆

ဧပြီလအတွင်း နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၉၉ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၂၉ မှု (အလေးချိန် ၁၅ ဒသမ ၈၉၆၂ ကီလို)၊ ဘိန်းဖြူ ၉၂ မှု (အလေးချိန် ၀ ဒသမ ၉၆၈၆ ကီလို)၊ ဘိန်းဆီ ကိုးမှု (အလေးချိန် ၃ ဒသမ ၇၃၁၄ ကီလို)၊ အဆင့်နိမ့်ဘိန်း ၄၄ မှု (အလေးချိန် ၈၂ ဒသမ ၃၉၁၇ ကီလို)၊ ဆေးခြောက် ၂၁ မှု (အလေးချိန် ၃၃ ဒသမ ၆၆၉၅ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၇ မှု (၆၅၇၆၀၇ ပြား)၊ ဘိန်းစာမှုန့် ၁၁ မှု (အလေးချိန် ၉ ဒသမ ၁၃၇၉ ကီလို)၊ ဘိန်းရည် တစ်မှု (အလေးချိန် ၀ ဒသမ ၄၈၈ လစ်တာ)၊ အိုက်စ် (အလေးချိန် ၄ ဒသမ ၂၅ ကီလို)၊ ဘိန်းညို တစ်မှု (၁ကီလို)၊ ဆူဒို အက်ဖီဒရင်း တစ်မှု (အလေးချိန် ၃ ဒသမ ၈၆၂ ကီလို)၊ အခြားအမှု နှစ်မှု၊ မှတ်ပုံတင်ပျက်ကွက်တစ်မှု ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ အမှုပေါင်း ၂၉၉ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၃၇၉ ဦး၊ မ ၈၀ စုစုပေါင်း တရားခံ ၄၅၉ ဦးတို့အား ဥပဒေအရ ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ရွှေပေါက်ကံ၊(၁၄/၅)ရပ်ကွက်၊ ဝဏ္ဏကျော်စွာ၄လမ်း၊ အိမ်အမှတ်၂၅၉နေ ဦးရွှေညွှန့်၏ သားမောင်ဟိန်းထက်ဇော်သည် ဘိုးဘွား၊ မိဘ၊ညီအစ်ကို၊မောင်နှမများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူနေပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးရွှေညွှန့် ၁၂/ဥကတ(နိုင်)၁၂၉၄၄၆။

ဝန်ချတောင်းပန်ခြင်း

ဈေးကွက်အတွင်း စားသုံးသူများသို့ အသန့်ရှင်းဆုံး၊ အလတ်ဆတ်ဆုံး၊ ဘေးဥပဒ်အကင်းဆုံး ISO - 9001-2008 လက်မှတ်ရယူထားပြီး ၊ F.D.A Approved No. ၈၄/ ၉၉၀၀၇/ ထလ ဖြင့် တစ်နိုင်ငံလုံးအားဖြန့်ဖြူးရောင်းချလျက်ရှိသော

Max+ Plus အချိုရည်အား

စားသုံးသူများထင်ယောင်ထင်မှားဖြစ်စေရန် ဆင်တူယိုးမှားထုတ်လုပ်ရောင်းချနေသော

Mix Plus အချိုရည်မှ

ထုတ်လုပ်သူ ဒေါ်သက်သက်နိုင် (အခန်း ၂၊ တိုက် ၂၇ ၊ ရန်နိုင်လမ်းသွယ် ၁၀ လမ်း၊ ၄ ရပ်ကွက်၊ရန်ကင်းမြို့) မှ **စားသုံးသူများ နှင့် Pinya Maunfacturing Co., Ltd (Max အချိုရည်) မိသားစုတို့အား** အနူးအညွှတ် တောင်းပန်လျက် နောက်နောင် ဤသို့ ဆင်တူယိုးမှားအတုအပ မပြုလုပ်တော့ပါကြောင်း အသိပေးအများဝန်ခံတောင်းပန်အပ်ပါသည် ။

ပုပ္ပားတောင်ဒေသ စိမ့်စမ်းရေထွက်များထိန်းသိမ်း အရိပ်ရအပင်ကြီးများ တိုးချဲ့စိုက်ပျိုး

မန္တလေး မေ ၁၆

မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးဖုန်းဇော်ဟန်သည် ဧပြီ ၂၃ရက် နံနက်က ကျောက်ပန်းတောင်းမြို့နယ် မြို့ ရေပေးဝေရေးလုပ်ငန်း ဆည်ပေါက် ရေစုကန်အတွင်း ရေသိုလှောင်ထားရှိမှု၊ ရေတွန်းစက်ရုံအတွင်း စက်ယန္တရားကြီးများ လည်ပတ်နေမှု၊ ရေပိုက်လိုင်းကြီးများသွယ်တန်း၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်များသို့ ရေဖြန့်ဝေပေးမှု၊ ပျိုးဥယျာဉ် အခြေအနေ၊ ပန်းအလှပင်နှင့်သရက်ပင်များ စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင် သဘာဝစိမ့်စမ်းရေထွက်ရှိမှုနှင့် ရေသိုလှောင်နိုင်မှုအခြေအနေ၊ ရေပိုက်လိုင်းကြီးများသွယ်တန်း၍ ဆည်ပေါက်ရေစုကန်သို့ ရေတင်ပို့မှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက သဘာဝစိမ့်စမ်းရေထွက်ကို စနစ်တကျထိန်းသိမ်းထားရှိရေး၊ အရိပ်ရပင်ကြီးများ တိုးချဲ့စိုက်ပျိုးသွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (ဝ၄ဝ)

ရမည်းသင်းမြို့နယ် ညောင်ထောက်ကျေးရွာ၌ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဆင်း

ရမည်းသင်း မေ ၁၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ညောင်ထောက်ကျေးရွာ၌ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဆင်းပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီက ငွေလရောင်စာကြည့်တိုက်၌ ကျင်းပသည်။

လှူဒါန်း

သင်တန်းဆင်းပွဲတွင် ဆုရသင်တန်းသား သင်တန်းသူများအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်မြနှင့် လူမှုရေးကော်မတီအဖွဲ့ဝင်များက ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများ ချီးမြှင့်ပေးပြီး သင်တန်းကာလအတွင်း ဦးမင်းမင်း-ဒေါ်စန္ဒာအေးတို့က စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (အောက်ပုံ)

(ခရိုင် ပြန်/ဆက်)

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်၊ ဓာတ်တော်နှင့် ဆံတော်ရှင်သမိုင်းဝင်ကျိုက်သလ္လံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲအတွက် မေ ၅ရက်က မြန်မာနိုင်ငံဂီတအစည်းအရုံးဝင် ဒေါ်တင်တင်မြ မိသားစုနှင့်အဖွဲ့သားများစုပေါင်းကာအလှူငွေများပေးအပ်လှူဒါန်းရာ အလှူရှင်များအား ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ရုပ်ပုံတော်နှင့်ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၁၀၇)

လူမှုရေးအသင်းအဖွဲ့ဝင်များသို့ ဝတ်စုံနှင့် အလှူငွေများ ပေးအပ်

မုံရွာ မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် မြဝတီရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးက ကြီးမှူးကျင်းပသည့် အလှူငွေပေးအပ်ပွဲနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များသို့ ဝတ်စုံပေးအပ်ပွဲကို ဧပြီ ၇ရက် ညနေ ၄နာရီက မြဝတီရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ (အောက်ဝဲပုံ)မုံရွာမြို့ မြဝတီရပ်ကွက်မှ အလှူရှင် ဦးသန်းလွင်က ငွေကျပ်နှစ်သိန်း၊ ဦးသိန်းဇော်က ငွေကျပ်တစ်သိန်း၊ ဦးဝင်းထွန်းနိုင် (အရိပ်စစ်လက်ဖက်ရည်ဆိုင်)က ငွေကျပ်တစ်သိန်း၊ ဒေါ်အေးရွှေ ဖန်တက်စီ(၂)က ငွေကျပ်တစ်သိန်း၊ ဦးတင်မောင်အေးက ငွေကျပ်ငါးသောင်း၊ ဦးနေဝင်း-ဒေါ်မေချစ် (နယားပျံဆေးလိပ်ခုံ)က ငွေကျပ်ငါးသောင်း၊ အလှူရှင်များကိုယ်စား ဦးကျော်မြင့်က လူမှုရေးအသင်းအဖွဲ့ဝင်များသို့ ဝတ်စုံများဝယ်ရန်အတွက် အလှူငွေကျပ် ၃၅၀၀၀၀ ကိုလည်းကောင်း၊ ဒေါ်အေးအေးမော်က အလှူငွေကျပ်နှစ်သောင်းကို လည်းကောင်း ပေးအပ်လှူဒါန်းရာ မြဝတီရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

လှူဒါန်း

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးဇင်မင်းထွန်းက မီးသတ်ဝတ်စုံ ၁၀စုံကို ပေးအပ်လှူဒါန်းရာ ဦးအောင်မျိုးမြင့်က လက်ခံယူကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြို့နယ် သတင်း ထွေထွေလာ

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဂုဏ်ပြုပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို မေ ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းရွှေက မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။ (၀၉၇)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

အင်္ဂပူမြို့နယ် မြို့မဈေး သန့်ရှင်းသာယာလှပရေးအတွက် လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို မတ် ၃၁ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စမ်းမာလာဥယျာဉ်အတွင်း နားနေခုံများအား အဖွဲ့ဝန်ထမ်းများ ဆေးသုတ်အလှခြယ် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး မေ ၁၃ ရက်က ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)



သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ လက်တူးတွင်း ရေထွက်နှုန်းနှင့် စက်များကြံ့ခိုင်မှုကို အမှုဆောင်အရာရှိ ဦးမြင့် မေ ၁၀ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ဈေးဆိုင်များတွင် အမှိုက်ပုံးများထားရှိမှုကို မေ ၅ရက်က ဦးစီးအရာရှိ ဒေါ်ထွေးရီနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မေ ၁၀ရက်က လေးမျက်နှာမြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများမှ အမှိုက်များဆယ်တင်ခြင်းကို အမှုဆောင်အရာရှိ ဦးဌေးလှိုင် ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နေပြည်တော် ဟိုတယ်ဇုန်ဖွံ့စည်းရေး ဟိုတယ်လိုင်စင်ထုတ်ပေးရေးနှင့် ဟိုတယ်အဆင့်အတန်းသတ်မှတ်ရေး ဆွေးနွေး

နေပြည်တော် မေ ၁၆

နေပြည်တော်ဟိုတယ်ဇုန် ဖွံ့စည်းရေးကိစ္စရပ်များနှင့် လုပ်ငန်းတာဝန်များ သိရှိလိုက်နာဆောင်ရွက်ရေး၊ နေပြည်တော်တွင် ဟိုတယ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ရေးနှင့် ဟိုတယ်လုပ်ငန်းလိုင်စင်ထုတ်ပေးရေး၊ ဟိုတယ်အဆင့်အတန်းသတ်မှတ်ရေးတို့နှင့် စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နေပြည်တော်ဟိုတယ်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၄ ❍

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

အင်ဒီဗားအာကာသယာဉ် အောင်မြင်စွာလွှတ်တင်။ (စာ-၄)

ယူရိုဗစ်ရှင်း သီချင်းဆိုပြိုင်ပွဲ အဇာဘိုင်ဂျန် အဆိုတော်များ ဆုဆွတ်ခူး။ (စာ-၁၀)

အေဂျက်စ်အသင်း အက်ဖ်စီတွမ်တီးကို အနိုင်ယူ ယခုနှစ်ဘောလုံးရာသီ၌ ဒတ်ချ် လိဂ်ဖလားဆွတ်ခူး။ (စာ-၁၁)

(၆၄)ကြိမ်မြောက် ကိန်းစ်ရုပ်ရှင်ပွဲတော်သို့ တက်ရောက်လာသော နိုင်ငံတကာမှ ရုပ်ရှင်အနုပညာရှင်များကို တွေ့ရစဉ်။

(၆၄)ကြိမ်မြောက် ကိန်းစ်ရုပ်ရှင်ပွဲတော် ကမ္ဘာကျော်အနုပညာကြယ်ပွင့်တို့စကားသံများ

မောင်မောင်မြင့်ဆွေ ရေးသားသည်

ပါရီ မေ ၁၆

(၆၄)ကြိမ်မြောက် ကိန်းစ်ရုပ်ရှင်ပွဲတော်ကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ မေ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပနေပြီဖြစ်သည်။ နိုင်ငံတကာမှ ကမ္ဘာကျော် ဒါရိုက်တာများ၊ သရုပ်ဆောင် မင်းသား မင်းသမီးများ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ ပါဝင်ဆင်နွှဲလျက်ရှိသည်။

ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် ရုပ်ရှင်ဇာတ်ကားရှည်ပြိုင်ပွဲဆုရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် အမေရိကန်ရုပ်ရှင်သရုပ်ဆောင် ရောဘတ်ဒီနီရိုကတာဝန်ယူပြီး ရုပ်ရှင်ဇာတ်ကားတိုပြိုင်ပွဲဆုရွေးချယ်ရေးတွင် ပြင်သစ်နိုင်ငံမှ ရုပ်ရှင်ထုတ်လုပ်သူ မစ်ချယ်ဂွန်ဒရီက ဥက္ကဋ္ဌအဖြစ် တာဝန်ယူမည်ဖြစ်သည်။ ယခုနှစ်၌ ပထမဆုံးချီးမြှင့်မည့် Camera d'Or Prize ဆုရွေးချယ်ရေးအဖွဲ့တွင် တောင်ကိုရီးယားရုပ်ရှင်ဒါရိုက်တာ ဘွန်ဂျွန်ဟိုက ဥက္ကဋ္ဌအဖြစ် တာဝန်ယူရွေးချယ် ကြေညာပေးမည်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ■